မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၄)

ကညင်ရေလှောင်တမံစီမံကိန်းနှင့် မမြရေလှောင်တမံ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲတွင် ဟင်္သာတမြို့နယ်ရှိ ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ငဝန်မြစ်ကမ်း ဝဲ၊ ယာ၊ သဲသောင်ခုံများ၌ ပဲမျိုးစုံနှင့် နေကြာသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံစီမံကိန်းလုပ်ငန်းများနှင့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ လက်ယာတူးမြောင်း၌ လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုရိုနိုနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသဝန်းကျင် အလှဆင်မည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း



ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
ဓာတ်ပုံ - မောင်မောင်

စာမျက်နှာဖွဲ့စည်းမှု
သန်းအေး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၂

ရွှေကျင် မဒေါက်ဒေသတွင် နှစ်စဉ်မိုးရေချိန်လက်မ ၁၄၄ လက်မ မိုးရွာသွန်းသဖြင့် ရွာနှုန်းကောင်းသော မိုးရေ၊ မိုးရာသီ၌ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့မှတက်သော မြစ်ရေ၊ ချောင်းရေတို့ဖြင့် ရွှေကျင်မြို့နှင့် မဒေါက်မြို့တစ်ဝိုက် မိုးရာသီတွင် မိုးရေတက်ရေ တဖွေးဖွေး ကွင်းကျယ်အဝေးဝေးဆိုသကဲ့သို့ ရေတဖွေးဖွေး၌ လှေကလေးများသာမက စက်လှေများပင် ကုန်းပေါ်၌ပင် မောင်းနှင်၍ ရလောက်ပေသည်။ အဆိုပါ ရေဖွေးဖွေးတို့မှာ မိုးကုန်သည်နှင့် တစ်ပြိုင်နက် မိုးနှင့်အတူ လွင့်စဉ်ပျောက်ကွယ်ကြရာ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့တွင် ရေအနည်းငယ်သာ ကျန်ရှိလေ့ရှိခဲ့သည်။

သွားလာရခက်ခဲ

စင်စစ် ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့မှာ စစ်တောင်းမြစ်၏ ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်းရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် မြို့နှစ်မြို့ဖြစ်၍

စာမျက်နှာ ၉ ကော်လံ ၁ ■

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေတံခါးသုံးပေါက်ပါ ပင်မရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၃ ရက်)

ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ် တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် မြန်မာ့သမိုင်းအထောက်အထားများကို ရှေးဟောင်းသုတေသနနည်းပညာများဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိသည်။ ယင်းသို့ဖော်ထုတ်ရာတွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွာကုန်းကြီးကျေးရွာ ပတ်ဝန်းကျင်ရှိ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် အထောက်အထားများကို သုတေသနပြုလေ့လာခဲ့သည်။

မြန်မာ-ပြင်သစ် ပူးပေါင်းသုတေသနလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တိမ်မြုပ်ပျောက်ကွယ်နေသော ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု အထောက်အထားများကို ခိုင်မာအောင် ဖြည့်ဆည်းဆောင်ရွက်ရန် တူးဖော်သုတေသနပြုရာ၌ လူရုပ်အလောင်း ၄၄ခုမြုပ်နှံထားသည့် အထောက်အထားများနှင့်အတူ ကြေးစည်းထုပ်ငယ်နှစ်ထုပ်၊ သံထည်ပစ္စည်းနှစ်ခု၊ ရောင်စုံကျောက်ပုတီးစေ့ ၁၄ လုံး၊ ကျောက်ချောလက်နက်တစ်ခု၊ ချည်ငင်ရာတွင် အသုံးပြုသည်ဟု ယူဆရသော မြေမီးဖုတ်လွန်းဆံငယ်နှစ်ခုနှင့် မြေထည်ပစ္စည်းအမျိုးမျိုးတို့ကို လေ့လာတွေ့ရှိခဲ့သည်။

သံထည်ပစ္စည်းများကို ကြေးခေတ်၊ သံခေတ်ဒေသများ ဖြစ်သည့် ရွာထင်(ပျော်ဘွယ်)နှင့် ကန်သစ်ကုန်း(သာစည်)တို့၌လည်း တွေ့ရှိရသည်။ ချည်ငင်ရာတွင် အသုံးပြုသည်ဟု ယူဆရသော မြေမီးဖုတ် လွန်းဆံငယ် ပစ္စည်းမျိုးကိုလည်း တွေ့ရှိရသည်။

အထူးသဖြင့် ထိုပစ္စည်းမျိုးကို မြို့ပြထူထောင်သည့်ဒေသများတွင် အများအပြားတွေ့ရလေ့ရှိပြီး မြေမီးဖုတ်ပုတီးစေ့ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။ ရုပ်ကြွင်းငါးခုမှာ အခေါင်းဖြင့် ထည့်သွင်းမြုပ်နှံထားသည်ဟု ယူဆရပြီး အလားတူမြုပ်နှံမှုကို ရွာထင်(ပျော်ဘွယ်)၊ မြို့လှ (ရမည်းသင်း)၊ ထုံးဘို(ပျော်ဘွယ်) စသည့် ကြေးခေတ်၊ သံခေတ်ဒေသများတွင်လည်း တွေ့ရှိရသည်။

ရွာကုန်းကြီးတူးဖော်မှုလုပ်ငန်းမှ တွေ့ရှိရသော ရုပ်ကြွင်းများမြုပ်နှံထားမှုနှင့် ဆက်စပ်မြုပ်နှံထားသောပစ္စည်းများ၊ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုတွင် အသုံးပြုလေ့ရှိသော ကျောက်လက်နက်ပစ္စည်းများ၊ အိုးကွဲခြမ်းအပိုင်းအစများအား လေ့လာချက်အရ အဆိုပါဒေသ၌ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုနှင့် သံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည်ဟု ယူဆရကြောင်း ပညာရှင်များက လေ့လာသုံးသပ်ခဲ့ကြသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တူးဖော်ရရှိသော ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်း အထောက်အထားများသည် သက်သေအဖြစ်တည်ရှိနေရာ ထိုတူးဖော်ရရှိသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို တိုင်းရင်းသားပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၉ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဘဝတိုက်ပွဲ** တရားတော် ဘဒ္ဒန္တ ကုန္တာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၇:၅၅-၁:၅၅ အလေအလွင့်မရှိ အချိန်ကုန် သက်သာ ဦးကြီးများရဲ့ အားထားရာ(စပါးခြွေလှေ့စက်)
၈:၁၅-၂:၁၅ VJ Choice
၈:၄၀-၂:၄၀ ရိုးရာလိုင်း၊ မော်ဒန်အရောင်နဲ့ အတောင်ပေါက်ပျံသန်းသူ
၉:၀၀-၃:၀၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ Activities in the City သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ မြတ်ဆရာပူဇော်ပွဲ
၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀ Own Creative Fashion
၁၀:၀၀-၄:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅ မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၃၀-၄:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅ Art Vision မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်
၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀ Land of Flowers
၁၁:၄၅-၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂:၁၅-၆:၁၅ ပိတုန်းရောင်ကေသာဦးအတွက်
၁၂:၂၅-၆:၂၅ တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀ Hotel Guide (Bagan Thiripyitsaya Sakura)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၃-၃-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၀ ၈။ အမွှန်မြတ်ဆုံးလက်ဆောင်
၅:၃၅ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၄၀ ၁၀။ မြန်မာစာ မြန်မာစကား (အပိုင်း-၉)
၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၆၂)ဇာတ်သိမ်း
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသော သီချင်းများ (Living Songs) တေးမြို့ငှက်ရဲ့တောင်ပံခတ်သံ (အပိုင်း-၂) မောင်သစ်မင်း
၂၃။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၄)

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူး စဉ့်ကိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

စဉ့်ကိုင် မတ် ၁၂

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူး တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မင်းသည် ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးမြကြိုင် လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီက စဉ့်ကိုင်မြို့နယ် ရွှေစေတီမွှာရုံတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းက ရပ်ကွက်အတွင်းရှိ အိမ်တိုင်းအိမ်တိုင်းတွင် ထားရှိရမည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ သဲအိုး၊ ရေအိုးများအား လက်တွေ့အသုံးချနိုင်ရေး နည်းစနစ်များ၊ မီးလောင်မှုဖြစ်ပွားနိုင်ရန် လိုအပ်သော အချက်သုံးချက်ကို ကြိုတင်ကာကွယ်ရမည့် လုပ်ငန်းများ၊ မီးလောင်မှုဖြစ်ပွားစဉ် လက်တွေ့မီးငြိမ်းသတ်နိုင်မည့် အခြေခံ အကျဆုံး နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ပါဝင်သရုပ်ပြ

ဆက်လက်ပြီး လက်တွေ့ မီးငြိမ်းသတ်မှုသရုပ်ပြရာ ရေနှင့်ဓာတ်ဆီထည့်ထားသော စည်ပိုင်းပြတ်ကို မီးရှို့ကာ ခေတ်မီ မီးငြိမ်းသတ်ဆေးဘူးဖြစ်သော ဓာတုဗေဒ ပေါင်ဒါခြောက်မီးသတ်ဆေးဘူးဖြင့် အခမ်းအနားတက်ရောက်လာသော ပြည်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်သရုပ်ပြ၍ မီးငြိမ်းသတ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား တောကျွဲအင်းမြို့ ရွှေဝါရွှေပြည်အေးကျေးရွာ၌ ကျင်းပ

ကျောက်တံခါး မတ် ၁၂

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ ရွှေဝါရွှေပြည်အေးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက ကျေးရွာလျှပ်စစ်ဓာတ်အားခွဲရုံရှေ့၌ ကျင်းပရာ မီးလင်းရေးလုပ်ငန်းကော်မတီ တာဝန်ခံ ဦးစိုးမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျင်စန်း၊ ပဲနွယ်ကုန်းမြို့ လျှပ်စစ်မှူး ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်၍ **(အောက်ပုံ)** နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အကုန်အကျခံတည်ဆောက်

အဆိုပါဓာတ်အားခွဲရုံသည် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၆၀ကေဗွီအေဖြစ်ပြီး အိမ်ခြေ ၂၀၀သို့ ဓာတ်အားဖြန့်ဝေပေးနိုင်ပြီး ငွေကျပ်သိန်း ၅၅၀ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၁၄-၃-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (အဋ္ဌာနာဠ်ယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (ရတနာမြတ်သုံးပါး)
၈:၄၀ တေးပဒေသာ
၉:၀၀ ဘဝအသွင်ကဗျာ့အမြင် (မြန်မာ့စိတ်ဓာတ်-ကိုဇွန်း)
၉:၁၀ တေးပဒေသာ
၉:၃၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ကလေးများပုံပြောပြိုင်ပွဲ) မိတ်ဆွေသုံးဦးပုံပြင် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ပေးဆပ်သူရဲ့စေတနာ)
၁၁:၅၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (တောင်ကိုမဖောက် တောင်းကိုဖောက်သည်) နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ မွန်းလွဲပိုင်းသတင်း
၁၃:၀၀ ပညာရေးအစီအစဉ် (ဘီအီးဒီ ရူပဗေဒသင်ပြနည်း)
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (ငွေရတုမေတ္တာဘွဲ့)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပဲ့တင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း ညချမ်းချိန်ခါတေးပဒေသာ
၁၉:၁၀ ခေတ်ဟောင်းတေး နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (ကွမ်းရွက်)
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၁၀ နိုင်ငံတကာအနုပညာ (ဂီတအကျော်အမော် မိုးဇက်) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်

ရန်ကုန် မတ် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ဘဏ္ဍာ/အခွန်)

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကညင်ရေလှောင်တမံ စီမံကိန်းတွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မဈေးပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်ခန်းမ၌ ပြုလုပ်သည့် အစုစပ်ကုမ္ပဏီဖွဲ့စည်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

နှုတ်ဆက်

ယင်းနောက် တိုင်းမှူးသည် အလှူရှင်များလှူဒါန်းသည့် သွပ်များကို လက်ခံပြီး ဆန်နှင့် ပဲကုန်သည်ကြီးများ၊ ဆန်စက်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်သည့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ်(၁၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၂

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၂၃)တွင် မြင်းမူမောင်နိုင်မိုး၏ ပြောင်းလဲခြင်း၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၁၅)၊ ကိုကိုလှိုင်၏ အမှိုက်များနှင့်ကမ္ဘာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက အခြေခံအဆောက်အအုံ (Infrastructure)ရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၁)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည်အပိုင်း(၁၇)၊ အောင်လျှမ်းဝေ၏လွမ်းငွေ့မပြေ ချယ်ရီမြေ(၂၆)၊ အာရှမိုး၏အိုဘားမားရဲ့စီးပွားရေးကယ်တင်မှုဦးတည်ချက်များ၊ အာဆီယံဒေသတွင်း ဆွေးနွေးပွဲသို့ ဟီလာရီကလင်တန်တက်ရောက်မည်၊ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကြောင့် တောင်ကိုရီးယားလေကြောင်းလိုင်းများ လမ်းကြောင်းပြောင်းလဲပြေးဆွဲမည်၊ နေတိုးကို ခြောက်မယ့်တစ္ဆေ၊ ၂၀၀၉ခုနှစ်တွင် တစ်ကိုယ်ရေသုံး ကွန်ပျူတာရောင်းချမှု ၄ဒသမ၅ရာခိုင်နှုန်း ကျဆင်းဖွယ်ရှိဟုဆို၊ ဈေးကောင်းရနေသော တရုတ်သရုပ်ဆောင်များ၊ အော်စကာဆုရ အိန္ဒိယအခြေပြုဆလန်းဒေါ့မီလျံနာ၊ Baeksang ကော်ဇောနီပေါ်က အနုပညာရှင်များ၊ သူ့ဘဝမှာ ဖူးစာရှင်မတွေ့သေးပါဘူးလို့ဆိုတဲ့ လှအဥ္စလီတင့်၊ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာဖော်ပြပါရှိသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKETCARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အလက(၄)ရန်ကင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၁၂

အလက(၄)ရန်ကင်းတွင် ၁၉၆၅မှ ၁၉၈၈ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက သက်ပြည့် အငြိမ်းစားဆရာ၊ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို မတ် ၂ရက်က ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက်ရှိ ပြည်သာယာမွှေ့ရုံ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းမစိန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားတွင် ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပထမဆုရ မဆုရည်နှင်းက ဆီမီးထွန်းညှိပူဇော်ဖွင့်လှစ်ပြီး ကျောင်းသားဟောင်းဦးဝင်းမော်က ကန်တော့ချီးတိုင်ပေးကာ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်ဦးနှင့် ဆရာကြီးဦးဉာဏ်ဝင်းတို့က ဆုပေးဩဝါဒ စကားပြောကြားပြီး ကျောင်းသားကျောင်းသူဟောင်းများ ကိုယ်စား ကျောင်းသားဟောင်း ဦးထူးသာ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)က ကျေးဇူးတင်စကား ပြောကြားသည်။ **(မြန်မာ့အလင်း)**

မိုး
အစဉ်သတိပြု

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်

ရန်ကုန် မတ် ၁၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ နေပြည်တော်ပျဉ်းမနား၊ မင်းဘူးမြို့၊ မကွေးမြို့၊ ပခုက္ကူမြို့၊ ရွှေကျင်မြို့နှင့် ဘားအံမြို့တို့တွင် ၃၉ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ပူတာအိုမြို့တွင် ၀ဒသမ ၁၂လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၃ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စာဖြေဌာနများနှင့် အရန်စာဖြေဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် မန္တလေးမြို့ရှိ အထက(၅၊ ၁၀၊ ၁၆၊ ၁၇၊ ၁၈၊ ၂၀၊၂၅) စာဖြေဌာနများနှင့် အလက(၁၅)ရှိ အရန်စာဖြေဌာနတို့ကို ယနေ့ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်သည် စာဖြေ ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ၏ စာဖြေခန်းများသို့ ဝင်ရောက်ဖြေဆိုမှု၊ စာဖြေဌာနကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးတို့၏ သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းဖြန့်ဝေမှု၊ အဖြေလွှာသိမ်းဆည်းမှုတို့နှင့်ပတ်သက်၍ စနစ်တကျရှိစေရေး ကြည့်ရှုကြပ်မတ်စစ်ဆေးပြီး အရန်စာဖြေဌာနတွင် သတ်မှတ်ညွှန်ကြားချက်နှင့်အညီ အသင့်ပြင်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်ပေးရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဆည်မြောင်းဦးစီးဌာနက ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ တည်ဆောက်ပြီးစီးသွားသော ပေကြီးရေလှောင်တမံသည်လည်း အပါအဝင်ဖြစ်၍ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၇ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ပေကြီးရေလှောင်တမံသည် တပ်မတော်အစိုးရလက်ထက် ၁၉၈၈ ခုနှစ်နောက်ပိုင်း အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ဆည်မြောင်းစီမံကိန်းများအနက် တစ်ခုအပါအဝင်ပင်....။

ကာကွယ်ပေး

ပေကြီးရေလှောင်တမံသည် ကန့်ဘလူမြို့နယ်အတွက် စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံတို့ကို စိုက်ပျိုးရန် ဧက၂၀၀၀ကျော်ကို အကျိုးပြုလျက်ရှိသည့် ရေလှောင်တမံဖြစ်သည်။ ထို့အပြင် မိုးရာသီတွင် ပေကြီးချောင်း ရေကြီး ရေလွှမ်းမှုကြောင့် ကင်းတပ်လက်ဝဲမြောင်း ပေါင်ကျိုးပြတ်၍ လယ်မြေဧကများ ရေနစ်မြုပ်ပျက်စီးမှုမှလည်း ကာကွယ်ပေးနိုင်သည်။

ပေကြီးရေလှောင်တမံကဲ့သို့ ဆည်မြောင်းစီမံကိန်းများသည် ရေရှားပါးပြီး ခြောက်သွေ့ရာအရပ်ဒေသများက နယ်မြေဒေသခံအတွက် များစွာအကျိုးဖြစ်ထွန်းလျက်ရှိရာ မူလက မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ ပထမတစ်သီးစိုက်ပျိုးပြီး ဒုတိယသီးထပ်ဆီထွက်နှင့် ပဲမျိုးစုံစိုက်ပျိုးနေမှုကို နွေစပါးပါ တတိယတစ်သီးထပ်မံစိုက်ပျိုးနိုင်အောင် ရေပေးဝေနိုင်ခဲ့ပေပြီ။

ရေပေးဝေနိုင်ပြီ

ပေကြီးရေလှောင်တမံသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာအနီး ရေဆင်း ဧရိယာ ၃၄ စတုရန်းမိုင်ရှိသော ပေကြီးချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံဖြစ်ကာ အမြင့် ၄၂ ပေ၊ အလျားပေ ၈၉၄၀၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧက ပေ၉၃၆၅ဖြစ်သည်။ ရေလှောင်တမံ၏ ဆည်ရေပေးဝေနိုင်သည့် ဧကမှာ ၂၀၀၀ ဖြစ်ပြီး မိုးစပါးဧက ၁၀၀၀နှင့် ကြံသီးနှံဧက ၁၀၀၀တို့ကို ရေပေးဝေလျက်ရှိပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ရပါသည်။ ॥

(မြန်မာ့အလင်း)

မော်လမြိုင်ကောလိပ်(သတ္တဗေဒ) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

မော်လမြိုင်ကောလိပ် (၁၉၇၅-၁၉၇၉) ခုနှစ် သတ္တဗေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နှစ်(၃၀)ပြည့်ပုလဲရတု အထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၈ရက် (စနေနေ့)နံနက်၉နာရီ၌ ကရဝိက်နန်းတော် (ဥတ္တရခန်းမ)၌ ကျင်းပမည်ဖြစ်ပြီး နှစ်(၃၀)ပြည့် ပုလဲရတုအကြို မိတ်ဆုံ ညစာစားပွဲကို မတ် ၂၇ရက်(သောကြာနေ့) ညနေ ၆နာရီတွင် အင်းလျားလမ်း ရွှေရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် ကိုခင်မောင်လွင်-မမြင့်မြင့်မော် ဖုန်း-၀၁-၇၀၄၇၈၇၊ ၀၉-၅၀-၂၁၈၆၄၊ ကိုလှမြင့်-မတင်တင်ရှုန် ဖုန်း-၀၁-၂၂၅၈၆၀၊ ၀၉-၅၁-၂၅၃၈၄၊ မကြည်စန်း ဖုန်း-၀၁-၅၂၆၉၂၀၊ ၀၉-၅၁-၇၅၆၁၀၊ ကိုမြင့်ဆွေ ဖုန်း-၀၅၂-၂၁၇၄၂၊ ၀၉-၅၃ ၀၀၂၅၇၊ ကိုပြုံးချို ဖုန်း-၀၅၂-၂၂၁၈၁၊ မအေးအေးနွယ် ဖုန်း-၀၅၇-၂၂၅၃၆၊ ၀၉-၅၃ ၂၂၁၀၄၊ ကိုအောင်ခင် ဖုန်း-၀၅၇-၂၃၀၈၈နှင့် မဝင်းဝင်းဌေး ဖုန်း-၀၅၇-၂၅၀၁၃၊ ၀၉-၅၃ ၂၀၈၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မြောက်ဥက္ကလာပ၌ကျင်းပ

ရန်ကုန် မတ် ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းပန်းဥယျာဉ်နှင့် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဟန်ဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဈေးရောင်းပွဲတော်ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန ပလတ်စတစ်စက်ရုံ အမှတ်(၁)စက်ရုံမှူး ဦးအောင်စိုးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ရန်ကုန်တိုင်းစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသောဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများမှ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖွင့်လှစ်ရောင်းချ

ဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းတို့မှ အရောင်းပြခန်းများကို မတ်၁၈ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ည ၈နာရီအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုဆူးလ်၌ ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ ကားရပ်နားစခန်း၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၁ရက်က တွေ့ရစဉ်။ (ယင်းကားဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

အာဖဂန်နစ္စတန် ထာဝစဉ်ငြိမ်းချမ်းရေး ဗျူဟာများချမှတ်ရုံဖြင့် မလုံလောက်

နယူးဒေလီ မတ် ၁၂

စစ်ရေးမဟာဗျူဟာများ ချမှတ်ကျင့်သုံးရုံသက်သက်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ထာဝစဉ်ငြိမ်းချမ်းရေးကို အလုံအလောက် ဖော်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်း အိန္ဒိယနှင့်အမေရိကန်တို့က လက်ခံယုံကြည်ကြသည်ဟု ပီတီအိုင် သတင်းဌာနက မတ်၁၀ရက်၌ ဖော်ပြလိုက်သည်။

အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မီနွန်နှင့် အမေရိကန်အရာရှိများ ဝါရှင်တန်မြို့၌ တွေ့ဆုံစဉ် သဘောထားချင်း တိုက်ဆိုင်မှုရှိကြောင်း အထက်ပါအတိုင်း ပီတီအိုင်က ထည့်သွင်းဖော်ပြထားသည်။

ပူးပေါင်းဆောင်ရွက်

အမေရိကန်နိုင်ငံသို့ လေးရက်ကြာ သွားရောက်လည်ပတ်သည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မီနွန်သည် မတ် ၉ ရက်က အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး အရာရှိ ဗိုလ်ချုပ်ကြီး ဂျိမ်းဂျုံးအပါအဝင် သမ္မတအိုဘားမားအစိုးရ၏ ထိပ်တန်းအရာရှိကြီးများနှင့် တွေ့ဆုံစဉ် တန်ပြန်အကြမ်းဖက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးကြသည်။ **အမ်အင်န်အေဆင်ဟွာ**

အစိုးရတပ်ဖွဲ့နှင့်သူပုန် သီရိလင်္ကာ၌ တိုက်ပွဲဖြစ်ပွား

ကိုလံဘို မတ် ၁၂

သီရိလင်္ကာအစိုးရ တပ်ဖွဲ့များက တမီးလ်ကျားသူပုန်များအား တန်ပြန်ထိုးစစ်ဆင်နွှဲစဉ်အတွင်း သူပုန် ၁၈၀ အား သုတ်သင်နိုင်ခဲ့ကြောင်း၊ တိုက်ပွဲဖြစ်ပွားသည့် ဒေသတွင်း ပိတ်မိနေသောဒုက္ခသည်များသည် ထွက်ပြေးခဲ့ကြကြောင်း စစ်ဘက်က မတ် ၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

သီတင်းပတ်တစ်ပတ်အတွင်း ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တမီးလ်ကျားသူပုန်များသည် အစိုးရတပ်ဖွဲ့၏ ထိုးစစ်ကို ခက်ခဲစွာ ခုခံတိုက်ခိုက်နေရပြီး သီရိလင်္ကာနိုင်ငံ၏ အရှေ့မြောက်ဒေသရှိ ၄၅ စတုရန်းမီတာခန့်ကျယ်ဝန်းသည့် နေရာမျှတွင်သာ နေထိုင်နိုင်တော့သည်။

ပြီးခဲ့သည်မတ် ၇ရက်နောက်ပိုင်းမှစ၍ တမီးလ်ကျားသူပုန်တို့၏ လက်ရွေးစင်တပ်ဖွဲ့နှင့် တပ်ရင်းတို့က အစိုးရရှေ့တန်းတပ်ဖွဲ့အား အပြင်းအထန် တိုက်ခိုက်ရန် ကြိုးပမ်းကြသည်။

တွေ့ရှိ

သီတင်းပတ်တစ်ပတ် နောက်ပိုင်းတွင် စုစုပေါင်းသူပုန် ၁၈၀ သေဆုံးခဲ့ကြောင်း သီရိလင်္ကာစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ နာနာယက်ကာရာက ပြောကြားသည်။

အမ်အင်န်အေရိုက်တာ

ဖက်ရှင်ပြပွဲ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ၂၀၀၉ ရှန်ဟိုင်း ဖက်ရှင်ပြပွဲတွင် အလှမယ်နှစ်ဦး ပါဝင်ပြသခဲ့သည်ကို မတ် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ရုရှားနှင့်ဟန်ဂေရီ သဘောတူညီချက် လက်မှတ်ရေးထိုး

မော်စကို မတ် ၁၂

ဟန်ဂေရီနိုင်ငံ၏ တောင်ပိုင်းဒေသတွင် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန်အတွက် ဖက်စပ်လုပ်ကိုင်မည့် စာချုပ်တစ်ရပ်ကို ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီး အက်စ်ပရွမ်နှင့် ဟန်ဂေရီ ဖွံ့ဖြိုးရေးဘဏ်တို့က မတ် ၁၀ရက်၌ လက်မှတ်ရေးထိုးကြကြောင်း ရုရှားသတင်းဌာနများက ထုတ်ပြန်ခဲ့သည်။

စီစဉ်ထား

ယနေ့အချိန်အခါတွင် အရေးပါသည့် အစီအစဉ် ချမှတ်ဖော်ဆောင်ခဲ့ကြောင်း မိမိ ဟန်ဂေရီဝန်ကြီးချုပ် ဖာရင့်ဂျီရက်ဆန်နီနှင့် တွေ့ဆုံဆွေးနွေးအပြီး ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ပြောကြားသည်။ ပင်လယ်နက်ဒေသနှင့် အလယ်ပိုင်းဥရောပမှတစ်ဆင့် တောင်ပိုင်းဥရောပသို့ ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ တင်ပို့မည့် ယူရို ၁၀ ဘီလီယံ တန်ဖိုးရှိ ဓာတ်ငွေ့ပိုက်လိုင်းကို တည်ဆောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဖြည့်ဆည်းပေး

ရုရှားနှင့် ဟန်ဂေရီ နှစ်နိုင်ငံစလုံးက ဟန်ဂေရီတွင် ရုရှားမြေအောက်ဓာတ်ငွေ့ သိုလှောင်ကန်တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ယင်းသိုလှောင်ကန်သည် ကုဗမီတာတစ်ဘီလီယံကျော် သိုလှောင်နိုင်စွမ်းရှိသည်ဟု ပူတင်က ပြောကြားသည်။ ဟန်ဂေရီနိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် စွမ်းအင်ဖူလုံစေမည့် အာမခံချက်ရရှိစေမည်ဟု ပူတင်က ပြောကြားသည်။ ဓာတ်ငွေ့သိုလှောင်ကန်တွင် ဓာတ်ငွေ့ဖူလုံစွာ သိုလှောင်ထားနိုင်မည် ဖြစ်ပြီး နှစ်စဉ်လက်ရှိ ဓာတ်ငွေ့ လိုအပ်ချက်၏ ထက်ဝက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ဂျီရက်ဆန်နီက ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

သေနတ်သမား၏ ပစ်ခတ်တိုက်ခိုက်မှု အယ်လ်ဘားမား၌ ၁၀ ဦး သေဆုံး

ဘာမင်ဂမ် မတ် ၁၂

အမေရိကန်နိုင်ငံတောင်ပိုင်း အယ်လ်ဘားမားပြည်နယ်ရှိ ဆမ်ဆန်မြို့နှင့် ဂျီနီဗာမြို့တွင် သေနတ်သမားတစ်ဦးက မတ် ၁၀ ရက်တွင် သူ့ကိုယ်သူ အဆုံးစီရင်ခြင်းမပြုမီ အနည်းဆုံး လူကိုးဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု သိရသည်။

ကျူးလွန်

သေနတ်သမားသည် အနည်းဆုံးလေးနေရာ၌ ပစ်ခတ်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။ လူနေအိမ်များ၊ ဓာတ်ဆီဆိုင်၊ ဆမ်ဆန်မြို့နှင့် ဖလော်ရီဒါပြည်နယ်၏ နယ်စပ်အနီးရှိ ဂျီနီဗာမြို့များအတွင်းမှ ဖြတ်သွားဖြတ်လာမော်တော်ယာဉ်များကို သေနတ်သမားက ပစ်ခတ်သည်ဟု သတင်း၌ဖော်ပြသည်။

ပစ်ခတ်

သေနတ်သမားသည် ဆမ်ဆန်မြို့မှ အရှေ့ဘက် ၁၂ မိုင်ဝေးသည့် ဂျီနီဗာမြို့သို့ ကားဖြင့်ရောက်ရှိခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ၎င်း၏ကားကိုဝိုင်းပြီးနောက် အပြန်အလှန်ပစ်ခတ်ကြသည်။ ထို့နောက် သေနတ်သမားသည် သူတစ်ချိန်က အလုပ်လုပ်ခဲ့ဖူးသည်ဟု ယူဆရသည့် စက်ရုံအတွင်းသို့ ဝင်ရောက်သွားခဲ့ပြီးနောက် သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။ **(အင်တာနက်)**

အယ်လ်ဘေးနီးယား လျှပ်စစ်ကုမ္ပဏီ၏ရှယ်ယာ ချက်ကုမ္ပဏီဝယ်ယူ

တိုင်ရာနာ မတ် ၁၂

အယ်လ်ဘေးနီးယားနိုင်ငံမှ နိုင်ငံပိုင် လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီ၏ အစုရှယ်ယာ ၇၆ ရာခိုင်နှုန်းကို ချက်နိုင်ငံ စီအီးဇက် ကုမ္ပဏီသို့ ရောင်းချကြောင်း အယ်လ်ဘေးနီးယား အစိုးရက မတ်၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

ချက်နိုင်ငံမှ စွမ်းအင် ကုမ္ပဏီက အိုအက်စ်အက်စ်အိပ်ချ်ကုမ္ပဏီ၏ အမေရိကန် ဒေါ်လာ ၁၂၉ သန်း တန်ဖိုးရှိ အစုရှယ်ယာများကိုဝယ်ယူခဲ့ပြီးလာမည့်လေးနှစ်အတွင်း ယူရို သန်း ၂၀၀ ဖိုး ရင်းနှီးမြှုပ်နှံမည်ဟု ကတိပြုသည်။ နိုင်ငံပိုင်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး ကုမ္ပဏီ၏ အစုရှယ်ယာကို ယင်းသို့ရောင်းချခဲ့ခြင်းဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ရေရှည်ပြတ်တောက်မှု လျော့ပါး သွားနိုင်မည်ဟု အယ်လ်ဘေးနီးယား အစိုးရက မျှော်လင့်ထားသည်။

ယင်းကဲ့သို့ အစုရှယ်ယာ ရောင်းချမှု အစီအစဉ်ကြောင့် အယ်လ်ဘေးနီးယားနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းမှု၌ ထူးထူးခြားခြား တိုးတက်လာစေမည်ဟု စီးပွားရေးဝန်ကြီး ဂျင်ရူလီက ပြောကြားသည်။ **အမ်အင်အေဆင်ဟွာ**

ကျူးဘားအပေါ် ပိတ်ပင်မှုအချို့ အမေရိကန် လျှော့ချပေး

ဟာဗားနား မတ် ၁၂

ကျူးဘားနိုင်ငံအပေါ် ကူးသန်းသွားလာရေးနှင့် ကုန်သွယ်ရေးတားမြစ်ပိတ်ပင်မှု အချို့ကို လျှော့ချပေးသည့် ဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်ကွန်ဂရက်က အတည်ပြုလိုက်သည့်အတွက် ကျူးဘားပြည်သူများက မတ်၁၀ရက်က ကြိုဆိုလိုက်သည်။

မျှော်လင့်ထား

သို့သော် အမေရိကန်သမ္မတ အိုဘားမားလက်ထက်တွင် ပိုမိုကြီးမားသည့် အပြောင်းအလဲများကို ၎င်းတို့မျှော်လင့်ထားကြောင်း ကျူးဘားပြည်သူတို့က ပြောကြားသည်။ **အမ်အင်န်အေရိုက်တာ**

မော်ရိုကိုနိုင်ငံ ကာဆာဘလင်ကာမြို့ ဆင်ခြေဖုံးရှိ ဆယ်မီရာ အရပ်၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးကို မတ် ၁၁ ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ပွားမှုကြောင့် တစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားသည်။) **(အင်တာနက်ဓာတ်ပုံ)**

မြောက်ကိုရီးယားဂြိုဟ်တုကိုပစ်ချလျှင် သုံးနိုင်ငံအား တုံ့ပြန်တိုက်ခိုက်မည်ဟုဆို

ပြုံယမ်း မတ် ၁၂

ငြိမ်းချမ်းရေးရည်ရွယ်ချက်ဖြင့် မိမိတို့လွှတ်တင်ခဲ့သည့် ဂြိုဟ်တုကို ကြားဖြတ်ပစ်ချလျှင် မိမိတို့က အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား ပိုင်နက်တို့ကို စစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက မတ် ၉ ရက်တွင် ကြေညာခဲ့သည်။

ထပ်မံကြေညာ

မြောက်ကိုရီးယားနိုင်ငံက မတ် ၉ ရက်တွင် အချက်သုံးချက်ပါ ကြေညာချက်ကို ထုတ်ပြန်ရာ၌ မိမိတို့က တုံ့ပြန်သည့်အခါတွင် တောင်ကိုရီးယားကို ပစ်မှတ်ထား တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြောင်း ကြေညာသည်။

အမ်အင်န်အေဆင်ဟွာ

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၁၂

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘားအံမြို့နယ်ရှိ နွေစပါးစိုက်ခင်းများ၊ ဘားအံ-ဂျိုင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၂၂/၀ နှင့် ၂၂/၁)အကြား ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်နေမှု၊ ထို့ကော်ကိုး၌ ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် အဖုးကူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ထို့ကော်ကိုး ပျိုးဥယျာဉ်အတွင်း ကွမ်းသီးပင်ပေါက်များ ပျိုးထောင်ထားရှိမှု၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်နှင့် ထားဝယ်ဒါန်ကျေးရွာအနီး ဖရဲစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်နယ်ဥက္ကဋ္ဌသည် ဖေဖော်ဝါရီ ၁၇ရက်တွင် ချောင်းနှစ်ခွ-သံပရာ-ကြာအင်းဆိပ်ကြီး လမ်းပေါ်ရှိ တံတားအမှတ်(၂/၇)ဒါလီတံတား တည်ဆောက်ရေးလုပ်ငန်းနှင့် သံပရာကျေးရွာအနီး စားဖိုဆောင်သီးနှံစိုက်ခင်း၊ နွေစပါး စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးက ကြာအင်းဆိပ်ကြီးမြို့နယ်ရုံး၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ကြာအင်းဆိပ်ကြီး-ကြာခတ်ချောင်းပတ်လမ်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဖေဖော်ဝါရီ ၂၁ရက်တွင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ပတ်ဝန်းကျင်နှင့် ဘားမဲတောင်ဝန်းကျင်တို့၌ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အားပေး

ဆက်လက်၍ ရွှေတောကျေးရွာအနီး တောင်သူ ဦးထွန်းနေ၏ ပေါင်းစည်းလယ်ယာအဖြစ် ဆောင်ရွက်မည့် အခြေအနေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဖဲကတာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုနှင့် ဘားအံမြို့နယ် ကော့တရုပ်ရကျေးရွာအနီး တောင်သူ ဦးထွန်းခင်၏ ဆီထွက်သီးနှံစိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဖေဖော်ဝါရီ ၂၇ရက်တွင် ဘောသပြုအခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုကာ ရွှေဂူနီးတိုက်နယ်ဆေးရုံသို့သွားရောက်ပြီးအထူးကုဆရာဝန်ကြီးများ၏ ရွှေဂူနီးစံပြ ကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသ ပေးနေမှုများကို ကြည့်ရှုအားပေး၍ မျက်စိ ဝေဒနာရှင် အဘိုးအဘွားများအား မျက်မှန်များ အခမဲ့တပ်ဆင်ပေးသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် ရွှေဂူနီးတိုက်နယ်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား အားပေးကာ ထောက်ပံ့ငွေများပေးအပ်ပြီး ကမမောင်း-ဖာပွန်လမ်းပိုင်း မိုင်တိုင်(၅၃)ရှိ ခြံပိုင်ရှင် ဦးအောင်၏ နှစ်ရှည်ရော်ဘာ စိုက်ခင်း၊ မြိုင်ကြီးငူ ကျောက်ထုတ်လုပ်ရေးစခန်း ဖာပွန်-ကမမောင်းလမ်းပိုင်း အဆင့်မြှင့်တင်နိုင်ရေး ကျောက်များ ခွဲနေမှုနှင့် မိုင်တိုင်အမှတ်(၄၆)ရှိ ခြံပိုင်ရှင် ဦးချစ်အေး၏ နှစ်ရှည်ရော်ဘာ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ပေါင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးမှု လှေကျင့်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ပေါင်မြို့ ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

ဟုမ္မလင်း မတ် ၁၂

ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွင့်လှစ်သော အကြိုအခြေခံ မီးသတ်သင်တန်း ၅/၂၀၀၉ ဆင်းပွဲ အခမ်းအနားကို မတ် ၆ရက် နံနက် ၁၁နာရီက တောင်ကင်းကျေးရွာအုပ်စု တောင်ဘို့လကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သင်တန်းသား ၄၄ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လက်တွေ့ကွင်းဆင်းကောက်ယူ၍ သင်တန်းပေး

ရမည်းသင်း မတ် ၁၂

မန္တလေးတိုင်း ရမည်းသင်းမြို့ မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိဦးကျော်ဌေးသည် ဖေဖော်ဝါရီ ၁၉ရက် နံနက်၁၀နာရီက ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ဆည်ကြီးရွာတွင် ၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစီမံကိန်း လက်တွေ့ကောက်ယူမှုအတွက် လက်တွေ့ကွင်းဆင်းကောက်ယူ၍ သင်တန်းပေးသည်။

ဖော်ပြပါ လက်တွေ့ကောက်ယူမှု သင်တန်းတွင် ကျေးရွာမြေပုံကြမ်းရေးဆွဲခြင်း၊ အိမ်ထောင်စုစာရင်း ကောက်ယူခြင်းနှင့် အိမ်ထောင်စုဆိုင်ရာ မေးခွန်းလွှာ (MAC-IV-1)များ လက်တွေ့စာရင်းကောက်ယူဖြည့်သွင်းခြင်းများကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မောင်ရွှေနှင့် ရာအိမ်မှူးများ၏ ပူးပေါင်းပါဝင် ကူညီမှုဖြင့် လက်တွေ့ကွင်းဆင်း စာရင်းကောက်ယူခဲ့ကြသည်။

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်း လက်တွေ့ကောက်ယူမှု ကွင်းဆင်းကောက်ယူသည့် လုပ်ငန်းကို ရမည်းသင်းမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ ခုကို မတ် ၃၁ ရက်အပြီး ကောက်ယူမည်ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ် ဌာနာလမ်း အမှတ် ၆၄ နေ ဒေါ်တင်ဝင်းနှင့်မိသားစုက ဖခင်၊ မိခင်၊ အစ်ကို၊ အစ်မများအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖော်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အုတ်တွင်းမြို့နယ် လက်စွပ်ကျ-ဆီဆုံကုန်း အုတ်ခုံခံ သစ်သားတံတားဖွင့်

စုစုပေါင်းငွေကျပ် ၂၁သိန်းဖြင့်ဆောက်လုပ်ခဲ့

အုတ်တွင်း မတ် ၁၂

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် လက်စွပ်ကျ-ဆီဆုံကုန်း အုတ်ခုံခံသစ်သားတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက အဆိုပါတံတားထိပ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ အထိမ်းအမှတ်အလံများကို တံတားဖြစ်မြောက်ရေး ကော်မတီမှ မြို့နယ်ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌများသို့ပေးအပ်ပြီး တံတားကို မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် တံတားဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးဇော်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောက်လုပ်ခဲ့

အဆိုပါ တံတားမှာ အရှည် ၂၂ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၁၂ပေရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ခုနစ်သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ လုပ်အားတန်ဖိုးငွေကျပ် လေးသိန်း စုစုပေါင်း ၂၁သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(၃၁၆)

ချောင်းနှစ်ခွ-သံပရာ-ကြာအင်းဆိပ်ကြီးလမ်းပေါ်တွင် တံတားအမှတ် (၂/၇) ဒါလီတံတားတည်ဆောက်နေ

ဖာပွန်-ကမမောင်းလမ်းပိုင်း အဆင့်မြှင့်တင်၊ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကွင်းဆင်း

စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု CEPSA Lubricantes ၏ ပံ့ပိုးကူညီမှုဖြင့် မတ် ၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ တွဲဖက်ပါမောက္ခဒေါက်တာ မိုးမိုးခိုင်က စိတ်ဖိစီးမှုကို စီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပေါင်မြို့နယ် ကဒါ ရပ်ကွက် အများသုံး အုတ်ရေ လှောင် ကန် ဆောက်လုပ်ပြီးစီးမှုကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိဦးကျော်လှနှင့် တာဝန်ခံ အင် ဂျင် နီ ယာ ဦးအေးမင်း တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၁၇၆)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၂

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၀)ကို မတ် ၁၁ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ပေးပို့နိုင်

အဆိုပါ မဂ္ဂဇင်းတွင် မင်းယုဝေ၊ ဒေါင်းနွယ်စိုး၊ သူရဇော်၊ သိပ္ပံစိုးမြင့်နိုင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ပုဂံမွေးကြည်၊ မောင်မောင်မိုးအောင်တို့၏ ကဗျာများ၊ စောမုံညင်း၊ ကေတုနီလာ၊ ညွန့်ဟံ(ကြူတော)၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်(စာနယ်ဇင်း)၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်သန်း၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ မောင်ပညာကျော်၊ မောင်ကျော်ဟိုး (မင်္ဂလာဒုံ)၊ အောင်ဘုန်းညို(ရွှေဘို)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ သန်းထွန်း(စကု)၊ အောင်ရန်နိုင်(B.Sc)၊ မောင်မွန်မြတ် (ဆူးလေ)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ သုတဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာ သုတရေးရာကဏ္ဍ၊ မောင်မြင့်အောင်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ထားမြတ်မာ(မြန်မာစာ)၊ ထက်ကောင်းကင်တို့၏ ရသဝတ္ထုတိုကဏ္ဍ၊မောင်စိန်တင်၏ မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ နန္ဒာမိုးကြယ်၊ ဦးအေးကို(ယမုံနာ)၏ ဗုဒ္ဓဝင်ကြေးမုံ ဝတ္ထုတိုကဏ္ဍ၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ (BA.BL)၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မီဒီယာ၊ မင်းဟန်လှဦး(မင်းဘူး)တို့၏ ဟာသကဏ္ဍ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်းတို့၏ ကာတွန်းကဏ္ဍတို့စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများ ထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးရှင်းလင်း

ရေဦး မတ် ၁၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့ ကျန်းမာရေးဦးစီးဌာနမှ ၂၀၀၉ခုနှစ် ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက ရေဦးမြို့ မြို့နယ်ပြည်သူ့ဆေးရုံရှိ ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်စန္ဒာအောင်က ဆင်ခြေထောက်ရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းနှင့် ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးကြရန် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိုးနေထွန်းက ဆေးတိုက်ကျွေးရေး အစီအစဉ်များကို ရှင်းလင်းပြောကြားသွားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပျိုးဥယျာဉ်အတွင်းပျိုးထောင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၇ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးကျော်သူ လိုက်လံရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

၁၉၈၇ခုနှစ်နှင့် ၁၉၉၁ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းဆင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ၄ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျောက်စိမ်းတွင်းခမ်းမရုံ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ပါဝင်လှူဒါန်းနိုင်

ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုသန်းဝင်း ဖုန်း-၀၉-၅၀-၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၅၁-၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉-၅၁-၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀-၃၃၅၅၈၊ ကိုဌေးဝင်း ဖုန်း-၀၉-၅၀-၄၇၃၆၀၊ ကိုစန်းကြူ ဖုန်း-၀၉-၅၀-၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉-၂၀-၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉-၂၀-၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇နှင့် မရီရီခင် ဖုန်း-၀၉-၅၀-၀၃၂၈၁တို့ထံ ဆက်သွယ်လှူဒါန်းကြရန်နှင့် စာသင်နှစ်အလိုက် ဆရာ ဆရာမများအား လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၂

စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ် ဆွေးနွေးပွဲကို မတ်၁၀ရက်က ရန်ကုန်မြို့ ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲကျင်းပ

အခမ်းအနားတွင် အခမ်းအနားမှူး ဒေါ်ခင်လတ်လတ်ထွန်းက ဆွေးနွေးပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး PS Business School မှ ကျောင်းအုပ်ကြီး ဦးမျိုးမင်းဦးက အချိန်ကိုစီမံခန့်ခွဲမှုနှင့် တင်ပြမှုစွမ်းရည်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောပြီး ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အများနှင့်မသက်ဆိုင်သောသူ ဆက်လက်ပြသ OUT LANDER အက်ရှင်ဇာတ်ကားသစ် ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မတ် ၁၂

ဒါရိုက်တာညီညီထွန်းလွင်၏ အများနှင့်မသက်ဆိုင်သောသူ ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ရုံဝင်လာ

နေပြည်တော်ရုံတွင် ဒါရိုက်တာ ဟောင်းဝပ်မက်ကိန်း၏အက်ရှင်ဇာတ်ကားသစ် OUT LANDER ရုံဝင်လာသည်။

အခြားကမ္ဘာတစ်ခုမှ အာကာသယာဉ်ကြီးတစ်စင်း ရှေးဟောင်းဗိုက်ကင်းလူမျိုးများ နေထိုင်ရာ နော်ဝေနိုင်ငံရှိ ရေကန်ကြီးထဲသို့ ပျက်ကျလာသည်။ ယင်းအာကာသယာဉ်အတွင်းမှ စစ်သည်တော် ခိုင်နန်နှင့် သွေးဆာနေသော သတ္တဝါကြီး မူး(ရ်)ဝင်တို့ အသက်မသေဘဲ ထွက်လာသည်။ ထို့နောက် ဗိုက်ကင်းတို့နေသော လူသားကမ္ဘာကို သတ္တဝါကြီး မူး(ရ်)ဝင်က နှောင့်ယှက်ဖျက်ဆီးတော့သည်။ မူး(ရ်)ဝင်ကို အမိဖမ်းရန် ကြိုးစားရင်း ဗိုက်ကင်းအချင်းချင်းစစ်ဖြစ်ပြီး အမြောက်အမြားကျဆုံးကုန်သည်။ ထိုစဉ် ခိုင်နန်က ရဲစွမ်းသတ္တိရှိသော ဗိုက်ကင်းစစ်သည်တော်များနှင့် မိတ်ဖွဲ့ကာ မည်သည့်လက်နက်နှင့်မျှ မသေနိုင်သော မူး(ရ်)ဝင်အား သတ်ရန် အာကာသယာဉ်ပျက်ကြီးမှ သတ္တုများကို ဖြုတ်ယူကာ အဆင့်မြင့် နည်းပညာဖြင့် လက်နက် အသစ်အဆန်း တီထွင်ပြီး နောက်ဆုံးတိုက်ပွဲဝင်ပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

အများနှင့် မသက်ဆိုင်သောသူ ဇာတ်ကားမှ ခန့်စည်သူနှင့် ထွန်းအိန္ဒြာဗို။

နေပြည်တော်ရုံတွင် ပြသနေသော OUT LANDER ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဆက်လက်ပြသ

ရွှေ့ဆောင်ရုံတွင် ၂၀၀၈ခုနှစ်အတွက် အော်စကာရှစ်ဆုရ **Slumdog Millionaire** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

အကယ်ဒမီရှော့

ဒါရိုက်တာညီညီထွန်းလွင်၏ **အကယ်ဒမီရှော့** ဇာတ်ကားမှာ ဆုထူးပန်ရုံတွင် တစ်ကျော့ပြန်ရုံဝင်လာပြီး မြေနီကုန်း၊ ရတနာပုံ၊ ဘုရင့်နောင်၊ ရွှေဝတီရုံများတွင် **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည်** ဇာတ်ကား ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကားများ

အိန္ဒိယတောင်ပိုင်းမှ ထုတ်လုပ်သော ဟင်ဒီစကားပြော ဒရမ်မာအက်ရှင်ဇာတ်ကား **Don No.1**မှာ တန်းမြင့်မြို့မရုံတွင် ပြသနေပြီး ဘုရင့်ရုံတွင် အိန္ဒိယအက်ရှင်ဇာတ်ကား **Fight Club** နှင့် ဖျော်ဖြေလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဘဏ်များအသင်း၌ အချိန်ကို စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောခဲ့

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ တွဲဖက်ပါမောက္ခ ဒေါက်တာ မိုးမိုးခိုင်က စိတ်ဖိစီးမှုနှင့်ပတ်သက်၍ ဟောပြောပွဲကျင်းပမည်

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ရွှေဘိုခရိုင် ရေဦးမြို့၌ ရှင်းလင်းပွဲ ကျင်းပခဲ့

မတ် ၉ရက်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ မောင်မောင်လေးနှင့်အဖွဲ့အား Food and Agriculture Organization (FAO) Regional Office for Asia and the Pacific မှ Vulnerable Analysis Coordinator, Mr.Naoki Minamiguchi တို့ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နေပြည်တော် တပ်ကုန်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် မတ် ၁၂

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ နေပြည်တော် တပ်ကုန်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၁၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ နေပြည်တော် တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ပျဉ်းမနား ဦးမြင့်လှိုင်(ပြန်ကြားရေးမှူး-၁)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြီး ဥက္ကဋ္ဌမြို့မကိုတွတ်၊ ဒုတိယဥက္ကဋ္ဌ နေထွန်းအောင်၊ အတွင်းရေးမှူး သန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ကျော်ကျော်လတ်၊ ဘဏ္ဍာရေးမှူးတင်လွန်း၊ စည်းရုံးရေးမှူး တပ်ကုန်းလှဘုန်း၊ ပြန်ကြားရေးမှူး ညွန့်အောင်၊ အဖွဲ့ဝင်များဖြစ်ကြသောနိုင်ဝင်း၊ ဦးပိုင်စိုး၊ ဇော်လွင်မြင့်၊ ဂီတာမြတ်မင်းတို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ဓနဖြူဦးစိုးသိန်း(ပြန်ကြားရေးမှူး-၂)က ပေးအပ်ပြီး ဖွဲ့စည်းတာဝန်ပေးအပ်သည်။ **(သတင်းစဉ်)**

ဘက်စုံသတင်းစာပညာ စာအုပ်ထုတ်ဝေ ဖြန့်ချိ

ရန်ကုန် မတ် ၁၂

တက္ကသိုလ်မြတ်သူ ရေးသားပြုစုသည့် ဘက်စုံသတင်းစာပညာစာအုပ်ကို ဂလိုဘယ်လ် စာပေက ထုတ်ဝေဖြန့်ချိထားသည်။ (အောက်ပုံ)

စုံစုံလင်လင်

အဆိုပါ စာအုပ်တွင် ရှေးခေတ်သတင်းစာဆရာကြီးများ၊ သတင်း၊ သတင်းစာ အစ၊ သတင်းစာသမိုင်း၊ ရှေးခေတ်သတင်းစာများ၊ နိုင်ငံရပ်ခြားမှ သတင်းစာများ၊ သတင်းဌာနများ၊ သတင်းစာလုပ်ငန်းတွင် အသုံးပြုသော စက်အမျိုးမျိုး၊ သတင်းစာ လုပ်သားများ၊ စာစီ၊စာပြင်၊ သတင်းထောက်နှင့် အယ်ဒီတာများ၏ လုပ်ငန်းနှင့် တာဝန်များ၊ သတင်းရေးသားနည်း၊ ခေါင်းကြီးရေးသားနည်း၊ နိုင်ငံခြားသတင်းဘာသာပြန်ဆိုနည်း၊ ဆောင်းပါးရေးသားနည်း၊ စာမျက်နှာ အလှပြင်နည်း၊ သတင်းစာရှင်းလင်းပွဲ သတင်းယူနည်း၊ နိုင်ငံရေး၊ စီးပွားရေး၊ တရားရုံးသတင်းရေးသားနည်း တို့သာမက ကာတွန်း၊ ကြော်ငြာ၊ သုတေသနနှင့် သတင်းစာသုံး ဥပဒေနှင့် ကျင့်ဝတ်များပါမကျန် စုံစုံလင်လင် ဖော်ပြထားသည်။

ဘက်စုံထောင့်စုံ

ဘက်စုံ သတင်းစာပညာစာအုပ်ကို ၁၉၇၄ ခုနှစ်က တစ်ကြိမ်ထုတ်ဝေခဲ့ပြီး ယခု ထပ်မံ၍ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင် ဖြည့်စွက်ကာ ဒုတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ သတင်းစာပညာကို လေ့လာလိုက်စားလိုသည့် ယနေ့ခေတ်လူငယ် မီဒီယာသမားများ၊ သတင်းထောက်၊ အယ်ဒီတာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် ဗဟုသုတဖြစ်စေမည့် ခက်ခဲနက်နဲသည့် သတင်းစာပညာများကို ဘက်စုံထောင့်စုံမှ စုစည်းတင်ပြထားသည်။

ဝယ်ယူနိုင်

ယင်းစာအုပ်ကို ဂလိုဘယ်လ်စာပေ အမှတ် ၅၁၊ လမ်းသစ်လမ်း အမှတ် ၅၁၅ အဝေရာလမ်း နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၉၈၆၇၇၊ ဖုန်း-၀၉-၅၁-၅၆၂၉၀ ၊ ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၂၈၃၂ ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် သိမ်ဖြူလမ်းနှင့် စာပေဗိမာန်စာအုပ်ဆိုင် ကုန်သည်လမ်း ရန်ကုန်မြို့တို့တွင် မှာကြားဝယ်ယူနိုင်ပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၄၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေစွမ်းအင်သုံးဂြိုဟ်တုများ လွှတ်တင်မည်

ဘာသာပြန်သတင်းမှတ်စု
မိုးမြင့်လင်းလက်

နေရောင်ခြည်စွမ်းအင်ကို အသုံးပြုကာ အာကာသသို့ ဆက်သွယ်ရေးဂြိုဟ်တုများ လွှတ်တင်ရန်စီစဉ်နေပြီဖြစ်ကြောင်း အမေရိကန်အာကာသသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

အချက်အလက်

နေရောင်ခံပြားများကို အသုံးပြု၍ နေစွမ်းအင်များကို သိုလှောင်စနစ်ဖြင့် ထိန်းသိမ်းကာ အာကာသဂြိုဟ်တုများအား လွှတ်တင်၍ သတင်းအချက်အလက်များကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့နိုင်အောင် စီစဉ်ထားခြင်းပင် ဖြစ်သည်။

ဂြိုဟ်တုများအနေဖြင့် နေစွမ်းအင်မရရှိနိုင်သော ညအချိန်များ၌ သိုမှီးထားသော နေစွမ်းအင်ကို ပြန်လည်ထုတ်သုံးကာ ဂြိုဟ်တု၏လုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်သွားစေမည်ဖြစ်သည်။

စွမ်းအားဖြည့်

အာကာသအတွင်း လွှတ်တင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုများမှာ ၂၄ နာရီပတ်လုံး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေရောင်စွမ်းအင်ကို သိုမှီးသိမ်းဆည်းကာ အသုံးပြုခြင်းကြောင့် အချိန်နှင့်အမျှ စွမ်းအားဖြည့်လုပ်ငန်းလည်းပတ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ထို့အပြင် အာကာသလေ့လာရေးယာဉ်များနှင့် အာကာသဒုံးပျံများကိုလည်း နေစွမ်းအင်အခြေပြုသောနည်းစနစ်ဖြင့် လွှတ်တင်နိုင်ရန် နာဆာသုတေသနပညာရှင်များက လေ့လာလျက်ရှိသည်။

လက်တွေ့

ယနေ့လောလောဆယ်အချိန်၌ ဂြိုဟ်ဆင်းအာကာသလေ့လာရေးယာဉ်များအား နေစွမ်းအင်အသုံးပြုကာ မောင်းနှင်သွားလာနိုင်ရေးမှာ လက်တွေ့အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။



ပြန်လည်စွမ်းအားဖြည့် နေစွမ်းအင်သုံးစွဲမှုမှာ အာကာသလေ့လာရေးယာဉ်များအတွက် မတော်တဆအန္တရာယ်ဖြစ်ပွားမှု အနည်းဆုံးနှင့် စွမ်းအင်သုံးစွဲမှုအနည်းဆုံးလည်း ဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

ကင်းရှင်းစေမည်

ရယူသိုမှီးထားသော နေစွမ်းအင်များအား စွမ်းအားဖြည့် ပြန်လည်ထုတ်သုံးနိုင်ရန် အထူးတီထွင်ထုတ်လုပ်ထားသော နေစွမ်းအင်ပြားများကို အသုံးပြုသွားမည် ဖြစ်သည်။ နေစွမ်းအင်ကို အသုံးပြုခြင်းကြောင့် ဂြိုဟ်နှင့်နက္ခတ်တာရာများ၏ မျက်နှာပြင်၌ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ကင်းရှင်းစေမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ် ၃၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါနှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာပီဂျီအေကကြီးမှူး၍ မြန်မာနိုင်ငံအိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd. ကအဓိကကူညီပံ့ပိုးသော Myan-mar Masters 2009 ဂေါက်သီးရိုက် ပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့်အမှုဆောင်များ၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဦးဆောင်ကစား

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဘိုဘိုလေး (Amateur) က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး ၆၇ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

လျှော့ရိုက်

ဇော်ပိုင်ဦးနှင့် Stewart GINN (Australia) တို့ကသတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကြပြီး ဒုတိယ၊ ရန်မျိုးအေး (Amateur)က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး ၆၉ ချက်ဖြင့် တတိယနှင့် Airil Rizman (Malaysia) က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး စတုတ္ထလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲ၏ Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors-International Beverages Trading Co., Ltd., KBZ Bank, Pun Hlaing Golf Club, Aureum Palace Hotel, Myanmar Treasure Resort Hotel, CEPSA, KM Golf Centre, Srixon, Alpine Purified Drinking Water တို့က ထပ်မံပံ့ပိုးကူညီသည်။

ဆက်လက်ကျင်းပ

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို မတ် ၁၃ရက် နံနက် ၈နာရီတွင် ယင်းဂေါက်ကလပ်၌ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် ဦးဆောင်ကစားလျက်ရှိသော ဘိုဘိုလေး (Amateur)။
(ဂေါက်သီးအဖွဲ့ချုပ်)

မူးယစ်ကင်းစင် အလှဆင်

ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဆေးခြောက်များ၊ ဘိန်းစိမ်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ရန်ကုန် မတ် ၁၂

ကရင်ပြည်နယ် သံတောင်မြို့နယ် ကနစို့ပင်ကျေးရွာအနီး၌ မတ် ၅ရက် နံနက် ၄နာရီခွဲခန့်တွင် တာဝန်ရှိသူများသည် ကနစို့ပင်ကျေးရွာနေ ကြည်လွင်ထံမှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဆေးခြောက်သုံးထုပ် (၃ဒသမ ၆၇၄ကီလို)နှင့် ကျောက်ကြီးမြို့နယ် ညောင်ပင်သာကျေးရွာနေ ဦးမောင်ထံမှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဆေးခြောက်ငါးထုပ် (၆ဒသမ ၆၁၃ကီလို) စုစုပေါင်း ၁၀ဒသမ ၂၈၇ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားခံနှစ်ဦးအား ဇရပ်ကြီးရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

သိမ်းဆည်းရမိ

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျင်းစစ်ဆေးရေးစခန်း၌ မတ် ၆ရက် နံနက် ၁၁နာရီ ၅၅မိနစ်ခန့်တွင် ကျိုင်းတုံ မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ပန်မော်ကျေးရွာမှ မိုင်းပျင်းမြို့ဘက်သို့ ယာဉ်မောင်းအောင်သူ မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည်ဒေါ်နန်းအွန်၏လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၅၆၃ ဒသမ ၃၈၈ရမ် သိမ်းဆည်းရမိပြီး ၎င်းအားစစ်ကြောချက်အရ မိုင်းပျင်းမြို့ အောက်ဈေးတန်းရပ် ပန်းခြံလမ်းရှိအိမ်၌ ၎င်း၏သား နန္ဒာစာရနှင့်အတူ ဘိန်းစိမ်း ၁ ဒသမ ၃၀၆ကီလို တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မတ် ၇ရက် နံနက် ၁၁နာရီခွဲခန့်တွင် ကျိုင်းတုံမှ တာချီလိတ်သို့ ယာဉ်ပိုင်ရှင်စိုင်းယီမောင်းနှင်လာသော ယာဉ်အမှတ် ၁ခ/၆၆၁၂ နစ်ဆန်းဆယ်ဘီးယာဉ်၌ ဆီတိုင်ကြီးအရှည်တစ်ခု အပိုပါလာသည်ကို မသင်္ကာဖွယ်တွေ့ရှိ၍ ရှာဖွေရာ ဆီတိုင်ကီအပိုအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား သိန်း၂၀ခန့်နှင့် ယာဉ်၏ခေါင်းခန်းအတွင်းမှ ငွေကျပ် ၁၀သိန်းကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယာဉ်နောက်လိုက် စိုင်းထီးသျှန်မှာ ထွက်ပြေးသွားခဲ့ပြီးနောက် ယာဉ်ပိုင်ရှင် စိုင်းယီအား ဖမ်းဆီးစစ်ဆေးလျက် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နောင်ခွန်းစစ်ဆေးရေးစခန်း၌ မတ် ၇ရက် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် ကျိုင်းတုံမူးယစ်အဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမှ တာချီလိတ်သို့ စောဝင်းအောင်မောင်းနှင်ပြီး ယာဉ်နောက်လိုက် အိုက်ကြာလိုက်ပါသည့် ရွှေမြို့တော်ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ မြေပဲတောင့်အိတ်ထဲတွင် ဝါးကျည်တောင့် လေးဘူးအတွင်း ထည့်ထားသည့် ဘိန်းစိမ်း ၄ဒသမ ၃ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တည်းခိုရမည့် ကမ်းနားရိပ်သာသို့ လိုက်ပို့ပြီးနောက် မောင်တောမြို့မှ ၂၅မိုင်မျှဝေးသည့် အောင်စစ်ပြင် ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် နေကြာစိုက်ခင်းများ၊ လိုက်ပို့မည့် အစီအစဉ်များ ပြောပြပါသည်။

နောက်နေ့ နံနက်ရနာရီခွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလှထွန်းဖြူ၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးသိန်းဝေ၊ ဆည်မြောင်းဦးစီးမှူး ဦးခင်ဇော်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးရဲမွန်အောင်၊ ဦးဇာနည်ထွန်း၊ ဦးလွင်မျိုးဝင်းနှင့် စာရေးသူတို့သည် ဂျစ်ကားတစ်စီး၊ မော်တော်ဆိုင်ကယ် သုံးစီးနှင့် ကြိမ်ချောင်းကျေးရွာအုပ်စုသို့ မောင်တော-ကြိမ်ချောင်းလမ်းအတိုင်း ခရီးထွက်ခဲ့ကြသည်။

ကြိုဆို

မောင်တောမြို့နယ် အထွက် မြို့သူကြီးကျေးရွာအုပ်စု ဝဲယာတွင် အောင်မြင်နေသည့်နွေစပါးစိုက်ခင်း၊ မတ်ပဲ၊ နေကြာစိုက်ခင်းများ အစီအရီပင်ဖြစ်သည်။ (၃)မိုင်ဂိတ်မှ ကြိမ်ချောင်းသို့ ကတ္တရာလမ်းအတိုင်း

ရေသွင်းစိုက်ပျိုး

အမှန်ပင် လယ်ကွင်းများအတွင်း နည်းလမ်းအသွယ်သွယ်ဖြင့် ရေသွင်း စိုက်ပျိုးကြသည်။ လမ်းဘေးတစ်လျှောက်ရှိ ကျေးရွာတိုင်းမှာ အောင်မြင်နေသည့် နေကြာပင်များ စိမ်းစိုနေသည်။ ကျီးကန်းပြင်မှ ကြိမ်ချောင်းကျေးရွာသို့ မော်တော်ကားလမ်းမှာ ကတ္တရာလမ်း၊ ကျောက်ချောလမ်းဖြင့် ကောင်းမွန်သည်။ စာရေးသူ ၁၉၉၆ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ ကြိမ်ချောင်းရွာသို့ ငါးကြိမ်ခန့် ရောက်ခဲ့ဖူးသည်။ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သဖြင့် ကြိမ်ချောင်း-မောင်တော မော်တော်ကားလမ်းသည် ရာသီမရွေး သွားလာနိုင်သဖြင့် မြို့သူကြီး၊ ဘက္ကားကုံးနား၊ နွားရုံတောင်၊ ကျီးကန်းပြင်၊ မောင်နမ၊ အောင်မင်္ဂလာ(စံပြ) ကျေးရွာ၊ ဖားဝပ်ချောင်း၊ ငန်းချောင်း၊ ကြက်ရိုးပြင်၊ ငါးစားကြူး၊ စံပါယ်ကုံး၊ လောင်းဒုံ၊ ကြိမ်ချောင်း၊ အောင်စစ်ပြင် အစရှိသည့် ကျေးရွာအုပ်စုများနှင့် ကျေးရွာများမှ ဒေသခံများ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ တိုးတက်လျက်ရှိပေသည်။ စာရေးသူတို့ အောင်စစ်ပြင်ကျေးရွာသို့ ရောက်သည့်အခါ မွန်းတည့် ၁၂နာရီပင် ထိုးလုပေပြီ။ စုရပ် ရှင်းလင်းဆောင်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

အမှန်ပင် နေကြာပင်များသည် မြို့နယ်အတွင်း ၂၅၆၉ဧကအောင်မြင်ဖြစ်ထွန်းနေသည်။ မောင်တောမြို့နယ်အတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဧက ၁၃၀၊ မြို့နယ်မှ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဧက၈၀၀၊ ဒေသခံလယ်သမားများက ၁၆၂၉ဧက စိုက်ပျိုးခဲ့ကြသည်။

ကြည့်ရှု

စစ်သူကြီးမဟာဗန္ဓုလ စစ်ချီရန် စစ်ပြင်သည့်အရပ်ကို အောင်စစ်ပြင်ရွာဟုခေါ်သည့်ဒေသမှမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကြိမ်ချောင်းကျေးရွာအနီးရှိ ဂြစ်ချောင်းကျေးရွာမှ တစ်ဆက်တစ်စပ်တည်း ရတနာအောင်မျိုးစပါးကို ချောင်းပိတ် စက်ရေတင်ဖြင့်၊ ရေရရှိရေးနည်းဖြင့် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါး ၅၇ဧကကို သွားရောက် ကြည့်ရှုပြီး စာရေးသူသိလိုသမျှ ရှင်းပြသည်။

မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိဦးခင်ဇော်ကလည်း "ကျွန်တော်တို့မြို့နယ်မှာ လျှိုပိတ်ဆည် ၁၇ခုမှ နွေစပါး ၆၀၁ ဧက၊ ချောင်းပိတ်စက်ရေတင် ၇၁ခုမှ နွေစပါး ၃၄၅၃ ဧကနဲ့ သဘာဝစိမ့်ရေဖြင့် နွေစပါး၁၂၀၄ဧကနဲ့ စုစုပေါင်း နွေစပါး ၅၂၅၈ဧကကို စိုက်ပျိုးခဲ့ပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသ

လက်တွေ့စိုက်ပျိုးပြသ

"စိုက်ပျိုးရေးနည်းစနစ် မှန်ကန်ဖို့အတွက် တောင်သူများကို ဖိတ်ခေါ်ပြီး လက်တွေ့စိုက်ပျိုး ပြသထားပါတယ်"

ဦးခင်မောင်ထွန်း၊ ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မောင်တောမြို့နယ်

၁၇ခု တည်ဆောက်ထားပါတယ်။အချို့ဆည်မှာ သောက်သုံးရေ ပေးဝေပါတယ်"ဟု ပြောပြသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ခုနှစ်မှာ နွေစပါးဧက ၅၀၀၀ လျာထားပြီး ၅၂၂၉ ဧက စိုက်ပျိုးခဲ့ရာ တစ်ဧက အထွက်နှုန်းမှာ ၇၆ဒသမ၉၁တင်းဖြစ်ပါတယ်။ ယခုနှစ်တွင် စပါးအထွက်တိုးစေရန် ရရိုင်တယ်"ဟု မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးလှထွန်းဖြူက ဖြည့်စွက်ရှင်းပြခဲ့သည်။

"ကျွန်တော်တို့ဒေသမှာ ကြက်ဟင်းခါးသီး(တစ်သိုက်) ၆၀ကျပ်သားကို ကျပ်၂၀၀၊ အာလူး (တစ်သိုက်) ကျပ်၂၀၀ မှ ကျပ်၂၅၀၊ ခရမ်းသီး (တစ်သိုက်) ကျပ်၅၀မှ ကျပ်၁၀၀၊ ငရုတ်သီး (တစ်သိုက်) ကျပ်၂၀၀မှ ငရုတ်သီးအခြောက် (တစ်သိုက်) ကျပ် ၁၂၀၀၊ ဂေါ်ဖီတစ်ထုပ် ကျပ်၁၀၀မှ ကျပ်၂၀၀၊ ဖရဲချိုသီး တစ်လုံး ကျပ် ၂၀၀မှ ကျပ်၅၀၀၊ ဘူးသီးတစ်လုံး ကျပ်၁၀၀မှ ကျပ်၂၀၀အထိ ရှိပြီး တို့စရာသခွားသီးမှာ ငါးလုံး ကျပ် ၁၀၀မျှသာ ရှိပါတယ်။ ဈေးနှုန်း သက်သာပြီး စားဖိုဆောင်သီးနှံများ ပေါများလှပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

သွားရောက်သည့်ခရီးမှာ တစ်ရှာဝင် တစ်ရွာထွက် ပင်ပန်းလှသည်။ သို့သော် စိုက်ပျိုးရေ(ရေချို) ရရှိရန် ခက်ခဲသည့်ဒေသတွင် နိုင်ငံတော်၏ စေတနာဖြင့် ရေရရှိအောင် ဆောင်ရွက်ပေးနေခြင်း၊ အထွက်တိုးစေရန် ကြိုးပမ်းကြသည့် ဝန်ထမ်းကောင်းများ၏ ကြိုးပမ်းမှုကို လက်တွေ့မြင်တွေ့ခဲ့ရခြင်းတို့ကြောင့် ခရီးပန်းသော်လည်း ဝမ်းသာကြည်နူးကျေနပ်မိသည် ကတော့ အမှန်ပင်....။ ။

(မြန်မာ့အလင်း)

အောင်မြင်ဖြစ်ထွန်းနေသည့် ဖရဲချိုသီးများကို ဤသို့ အစီအရီ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ရေငန်ပတ်လည်ဝိုင်းနေသော မောင်တောဒေသ နွေစပါးနှင့် ဆောင်းသီးနှံ၊ စားဖိုဆောင်သီးနှံ အောင်မြင်မှုကား ချီးကျူးရမည် ဖြစ်ပါသည်။

သွားရာတွင်လည်း စိမ်းစိုနေသော နွေစပါးခင်းများ၊ ဆောင်းသီးနှံ၊ စားဖိုဆောင် သီးနှံစိုက်ခင်းများက အုံ့ဩဖွယ်ရာ ကြိုဆိုနေကြသည်။

ရေငန်ပတ်လည် ဝိုင်းနေသော မောင်တောဒေသ နွေစပါးနှင့် ဆောင်းသီးနှံ၊ စားဖိုဆောင်သီးနှံ အောင်မြင်မှုကား ချီးကျူးရမည် ဖြစ်သည်။ ကြိမ်ချောင်းသို့သွားသည့် ကတ္တရာလမ်းမှ ငွေတောင်ရွာသွားသော မြေသားလမ်းအတိုင်းငါးမိနစ်ခန့် ဂျစ်ကား မောင်းနှင်သည့်အခါ တောင်ခြေမှ စိမ့်ထွက်လာသည့် သဘာဝရေနှင့် နွေစပါး တစ်ဆက်တစ်စပ်တည်း စိမ်းစိုကာ အောင်မြင်နေသော ရတနာအောင် နွေစပါး ၂၇ ဧကကို တောင်ကြားများ အတွင်း မြင်တွေ့ရသဖြင့် ဓာတ်ပုံ မှတ်တမ်းရိုက်ကူးခဲ့သည်။

လက်တွေ့ဆောင်ရွက်

အတူ လိုက်ပါလာကြသူများဖြစ်ကြသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်စိုက်ကြပ်အဖွဲ့သည် တစ်ပတ်လျှင် အနည်းဆုံး လေးရက်မျှ စိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုကာ ရေ၊ ဓာတ်မြေဩဇာ၊ နည်းပညာ ပံ့ပိုးပေးခဲ့ကြောင်း၊ ဒေသခံတောင်သူများနှင့် ထိတွေ့စည်းရုံးခဲ့ကြောင်းပြောပြသည်။ အပြောမဟုတ် လက်တွေ့ဆောင်ရွက်ကြောင်းကို လမ်းဘေးဝဲယာမှ စိုက်ခင်းများက သက်သေခံနေသည်။

ကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအဖွဲ့ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)ဝန်ထမ်းများအား လစဉ်ထောက်ပံ့နိုင်ရန်အတွက်မြို့နယ်အတွင်း နေကြာစိုက်ပျိုးထားမှုနှင့် ဒေသ ဆီထွက်နှုန်း တိုးတက်စေရန် ဆောင်ရွက်ထားရှိမှုကို ပြောကြားပြသသည်။

နေကြာစိုက်ခင်း

"ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေ တစ်လ နေကြာဆီ တစ်ပိဿာ တန်ဖိုး ကျပ်၃၀၀၀ကို အခမဲ့ပေးဝေနိုင်အောင် နေကြာဧက၁၃၀စိုက်ပျိုးထားပါတယ်။ ဝန်ထမ်းပေါင်း ၁၀၀ကျော်ရှိပါတယ်။ ကျေးရွာအုပ်စု ၁၀၉အုပ်စုမှာ ခွဲစိုက်ထားပါတယ်။ တချို့ကျေးရွာတွေမှာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအနေနဲ့လည်း စံပြဖြစ်အောင် ဒေသခံ လယ်သမားများ နေကြာစိုက်ပျိုးရေး နည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် စိုက်ပျိုးထားခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေး နည်းစနစ် မှန်ကန်ဖို့အတွက်လည်း မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကျွန်တော့်ဇာတိ ဘုရားကြီးကျေးရွာမှ တောင်သူများ ဖိတ်ခေါ်ပြီး လက်တွေ့စိုက်ပျိုးပြသထားပါတယ်"ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ပြောကြားပြီး စိုက်ကြပ်အဖွဲ့နှင့်အတူ အောင်မြင် ဖြစ်ထွန်းနေသည့် နေကြာခင်းအတွင်း လိုက်လံပြသသည်။

ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဂေါ်ရာခါလီဆည်၊ မီးတိုက်ဆည်၊ မြောတောင်ဆည်နှင့် သဲချောင်းဆည်တို့ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနက မောရဝတီဆည်၊ သရေကုန်ဘောင်ဆည်အပါအဝင်ဆည်

ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ပေးပါတယ်။ ဆီထွက်သီးနှံလည်း ၁၁၁၃၃ ဧက၊ ပဲမျိုးစုံ၂၃၅၉၉ဧက၊ စားဖိုဆောင်သီးနှံ ၇၉၀၂ဧက စိုက်ပျိုးထားပါ

မောင်တောမြို့နယ် ဂြစ်ချောင်းရွာ၌ ချောင်းပိတ် စက်ရေတင်နည်းဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နွေစပါး ၅၇ ဧက။
(မြန်မာ့အလင်း)

■ *ရှေ့ဖုံးမှ*

တစ်မြို့နှင့်တစ်မြို့ အနေနီး၍သော်လည်း ရေစီးသန်သော စစ်တောင်းမြစ်က ပိုင်းခြားထားသဖြင့် တစ်ချိန်သောအခါက တစ်မြို့နှင့်တစ်မြို့ သွားလာရခက်ခဲလှသည်။

တစ်သားတည်း

သို့ရာတွင် မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့ကို တားဆီးထားသော စစ်တောင်းမြစ်ကိုဖြတ်၍ တည်ဆောက်ထားသည့် အရှည်ပေ ၁၅၀၀နှင့် တန်ချိန် ၃၆တန် ခံနိုင်ဝန်အားရှိ သံကူကွန်ကရစ် အမျိုးအစား စစ်တောင်းမြစ်ကူးတံတား(ရွှေကျင်-မဒေါက်)ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်က ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ မဒေါက်-ရွှေကျင်၊ ရွှေကျင်-မဒေါက်သို့ ခေါက်တုံ့ ခေါက်ပြန် တံတားပေါ်မှ လမ်းလျှောက်၍ရနေပြီဖြစ်ရာ ဥတုရာသီမရွေး နေ့ ညမရှောင် တစ်မြို့နှင့်တစ်မြို့ ကူးလူးဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့မှာ ယခင်ကဲ့သို့ ရေမခြား၊ မြေမခြား တစ်သားတည်း ဖြစ်နေပေပြီ။

အဆိုပါတံတားမှာ ခံ့ညားထည်ဝါပြီး ခပ်လှမ်းလှမ်းမှပင် မြင်နေရပေပြီ။ ရွှေကျင်နှင့် မဒေါက်မြို့တို့အကြား စစ်တောင်းမြစ်ကူးတံတား(ရွှေကျင်-မဒေါက်)က ငွားငွားစွင့်စွင့် ပေါ်ထွန်းလာခဲ့ပါပြီ။

ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့အတွက် မြို့ကျက်သရေဆောင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးလည်း ပွင့်ထွန်းလာပေတော့မည်။

အထောက်အကူပြု

စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ ရွှေကျင်မြို့အဝင်တွင် စစ်တောင်းမြစ်ကူးတံတား၊ ရွှေကျင်မြို့အထွက် အရှေ့မြောက်ဘက်တွင် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့က အဆိုပါမြို့နှစ်မြို့အတွက် ပန်းသင့်ရုံသာမက ဒေသအချင်းချင်းအချိန်မရွေး ကူးလူးဆက်ဆံသွားလာနိုင်ရေး၊ ကုန်စည် စီးဆင်းမှုသွက်လက်မြန်ဆန်ရေး၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ပေသည်။

တည်ဆောက်

နိုင်ငံတော်က ပြည်နယ်ပြည်မ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ နယ်မြေဒေသအသီးသီးတို့၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဘက်ဘက်မှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း ဟန်ချက်ညီညီ တစ်ပြည်လုံး အနှံ့ အလတ်စား၊ အကြီးစားရေအားလျှပ်စစ် စီမံကိန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။



ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်း ပုံစံငယ်



ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှ ရေယူအဆောက်အအုံနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ထိုသို့ နယ်မြေအနှံ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသတို့၏ ပထဝီအနေအထား၊ ရေမြေတောတောင်တို့၏သဘာဝအရ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာနှင့်တစ်နေရာမတူညီကြဘဲ ရေမြေအလိုက်ဆောင်ရွက်ကြရပေရာ ဥတုရာသီနှင့်ပတ်သက်၍ ရေးသားဖော်ပြရပါက မန္တလေးတိုင်းအတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းဒေသတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ ၃၃ လက်မ၊ ရှမ်းပြည်နယ်ရှိ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းဒေသတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ ၅၃ လက်မ၊ နေပြည်တော်တိုင်းရှိ နန်ချိုရေအားလျှပ်စစ်စီမံကိန်းဒေသတွင် နှစ်စဉ် ပျမ်းမျှမိုးရေချိန်လက်မ ၆၅ လက်မ၊ ပဲခူးတိုင်းအတွင်းရှိ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းဒေသတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၁၀၀၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းဒေသတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ ၁၄၄လက်မ ရွာသွန်းကြောင်း မှတ်သားရသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းဒေသသည် မိုးရွာသွန်းမှုများရုံသာမက မိုးရွာသွန်းသည့် အချိန်ကာလ၌လည်း နှစ်စဉ် ဧပြီလ ၁၅ ရက်ခန့်မှစ၍ အောက်တိုဘာလကုန်အထိ ခြောက်လခွဲခန့် မိုးအဆက်မပြတ်ရွာသွန်းလေ့ရှိသဖြင့် ပွင့်လင်းရာသီငါးလခွဲခန့်သာ စီမံကိန်းလုပ်ငန်းများ ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်ပေသည်။

နေ့ ညမပြတ်

မိုးများစွာရွာသွန်းမှုကြောင့် စီမံကိန်းဒေသအတွင်း ရေကြီးရေလျှံခြင်း၊ တောင်ပြိုခြင်း၊ လမ်းပျက်ခြင်း စသည်တို့ကိုလည်း နှစ်စဉ်တွေ့ကြုံပြုပြင်နေရသလို ဆိုးဆိုးရွားရွားပျက်စီးမှုမဖြစ်စေရေးအတွက် နေ့ညမပြတ်စောင့်ကြပ်၍ လုပ်ငန်းမပျက်စေရန် အထူးဝီရိယစိုက်ထုတ် လုပ်ကိုင်ကြရပေသည်။

မည်သို့ပင်ရှိစေ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများသည် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၏ ညွှန်ပြချက်အတိုင်း မိုးရာသီတွင် လုပ်ကိုင်နိုင်သည့်လုပ်ငန်းများ၊ ပွင့်လင်းရာသီ၌ လုပ်ကိုင်နိုင်သည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၀ပြည့်နှစ် တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပထမ ငါးနှစ်၊ နှစ်တိုစီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ရရှိရေးဆောင်ရွက်ရန် လမ်းညွှန်ချက်တွင် တစ်ခုအပါအဝင်ဖြစ်သော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်းပေါ်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

စုဆောင်းသိုလှောင်

စီမံကိန်းတည်ရှိရာ ရွှေကျင်ချောင်း၏ရေဆင်းဧရိယာမှာ ၃၄၃စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၂၀၁၀၀၀ ရှိရာ ထိုသို့များပြားလှသောရေများကို အလဟဿမဆုံးရှုံးစေရေးအတွက် အလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ပေရှိ ဇုန်အမျိုးအစားရေလှောင်တမံ(Zoned Type Dam)တည်ဆောက်ကာ နှစ်စဉ်လိုအပ်သမျှရေကို စုဆောင်းသိုလှောင်သွားမည်ဖြစ်သည်။

ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၅၁၀၈၀၀နှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၆၈၅၀၀၀ ဖြစ်ပြီး၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၄၄ စတုရန်းမိုင်ရှိသည်။ လိုအပ်သော ရေအမြင့်ရရှိရေးအတွက် အထောက်အကူပြုမည့် အလျားပေ ၃၆၀၀၊ အမြင့်ပေ ၄၀ရှိ ကုန်းကြောတမံကိုလည်း ဤစီမံကိန်းတွင် ထည့်သွင်းတည်ဆောက်ရပေမည်။

ထုတ်လွှတ်မည်

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းရှိရေလှောင်တမံတွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၆၈၅၀၀၀သိုလှောင်မည်ဖြစ်သော်လည်း နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၂၀၁၀၀၀၀ရှိရာ ရေလှောင်တမံ၏ခံနိုင်အားကို ထိန်းသိမ်းသောအားဖြင့် ပိုလျှံသည့်ရေများကို အကျယ် ၁၃၅ပေရှိ၍ ဒီဇိုင်းရေထုစီးနှုန်း ၁၃၄၀၀၀ ကုဗပေ/စက္ကန့်ဖြင့် ရေထုတ်လွှတ်နိုင်မည့် ရေတံခါးတပ်ရေပိုလွှဲမှ ရွှေကျင်ချောင်းထဲသို့ ပိုလျှံသည့်ရေများကို ထုတ်လွှတ်မည်ဖြစ်သည်။

သို့ရာတွင် စီမံကိန်းဒေသ၌ မိုးရာသီတွင် မိုးများရွာသွန်းမှုများပြားလေရာ ရေလှောင်တမံတွင် သိုလှောင်နိုင်သည့် ပမာဏထက်ပိုမိုဝင်ရောက်လာသော ရေများကို ရေပိုလွှဲမှထုတ်လွှတ်သော်လည်း၊ ထုတ်လွှတ်သည့်ပမာဏထက် စီးဝင်ရေပိုမိုများလာသောအချိန်တွင် တမံမထိခိုက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ရေထုတ်လွှတ်ပေးမည့် အရေးပေါ်ရေပိုလွှဲ(အကူရေပိုလွှဲ) တစ်ခု ကိုလည်း ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

တည်ဆောက်မည်

ထို့ပြင် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ တမံတည်ဆောက်ရာတွင် တမံအောက်ခြေ၌ နုန်းမြေများများပြားနေခြင်း၊ ဘူမိဆိုင်ရာကျောက်သားအမျိုးအစားများ ရောထွေးနေခြင်းတို့ကြောင့် တမံတည်တံ့ခိုင်မြဲရေး၊ တမံအောက်ခြေ ရေစိမ့်ထွက်ခြင်းတို့မှ ကာကွယ်ရေးအတွက် ""စိမ့်ရေတားကွန်ကရစ်နံရံ"" ပေ ၁၆၀၀ခန့်ကို သုံးလခန့် အချိန်ယူ၍ ထည့်သွင်းတည်ဆောက်ထားသည်။

ရေလှောင်တမံရှိရေများကို အလျား ၁၂၇ပေ၊ အနံ ၁၂၁ပေနှင့် အမြင့် ၁၃၇ပေရှိ ရေယူအဆောက်အအုံမှ တစ်ဆင့် အချင်း ၂၅ပေ၊ အလျား ပေ ၁၁၀၀ ရှိ ""ဖိအားမြင့်"" သံမဏိပိုက်လုံးနှစ်လုံးကိုဖြတ်၍ ရေအားအမြင့် ၁၃၆ပေမှ အရှိန်ယူ၍ ဓာတ်အားပေးစက်ရုံရှိ တာဘိုင်နှစ်လုံးသို့ စက်မောင်းရေများပို့လွှတ်ပေးမည်ဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့်ဖိအားမြင့် သံမဏိပိုက်လုံးများမှာ တည်ဆောက်ပြီးစီးသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် အကြီးမားဆုံးဖြစ်သည်ကိုလည်း လေ့လာသိရသည်။ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ အလျား ၂၉၅ပေ၊ အနံ ၉၄ပေနှင့် အမြင့် ပေ ၇၀ ရှိပြီး ယင်းဓာတ်အားပေးစက်ရုံတွင် တာဘိုင်ရေထုစီးနှုန်း ၇၆၀၀ ကုဗပေ/ စက္ကန့်ရှိ ဖရန့်စစ်အမျိုးအစား တာဘိုင်နှစ်လုံး တပ်ဆင်ထားရာ အဆိုပါ ရေအားတာဘိုင်နှစ်လုံးမှ စုစုပေါင်းလျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ဖိအားမြင့်သံမဏိပိုက်လိုင်းတပ်ဆင်ခြင်းနှင့် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊

> **နိုင်ငံတော်က ပြည်နယ်ပြည်မ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ နယ်မြေဒေသအသီးသီးတို့၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အဘက်ဘက်မှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကလည်း ဟန်ချက်ညီညီ တစ်ပြည်လုံး အနှံ့ အလတ်စား၊ အကြီးစားရေအားလျှပ်စစ် စီမံကိန်း များကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက် လျက်ရှိ။**

ဓာတ်အားပေးစက်ရုံတည်ဆောက်ရန်အောက်ခြေ၊ မြေကြီးကျောက်သားတူးဖော်ခြင်းနှင့် ကွန်ကရစ်လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ စာရေးသူစီမံကိန်းသို့ ရောက်ရှိချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၇၃ဒသမ၅ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပေပြီ။

အရင်းအနှီး

စင်စစ်ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော ရေအရင်းအမြစ်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများတွင် စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်းစသည့်တည်ဆောက်ရေးသုံးပစ္စည်းအများအပြားနှင့် ယာဉ်၊ စက်၊ ယန္တရားများစွာတို့ကို အသုံးပြု၍ ဝန်ထမ်းအင်အားများစွာဖြင့် နှစ်ရှည်လများ တည်ဆောက်ရသဖြင့် အချိန်၊ လုပ်အားနှင့် အရင်းအနှီးများစွာ ရင်းနှီးကုန်ကျခဲ့သည်။

သို့ရာတွင် နိုင်ငံ့အကြီးအကဲများက စီးပွားရေးတွက်ခြေကိုက်မှု၊ မကိုက်မှုကို ပဓာနမထား၊ နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိရေးကိုသာ အဓိကထားပြီး ရေအားလျှပ်စစ်ထုတ်ယူနိုင်မည့် ရေအရင်းအမြစ်များကို နိုင်ငံတော်အတွင်း နေရာအနှံ့စူးစမ်း၊ ရှာဖွေတည်ဆောက်လျက်ရှိရာ မကြာတော့သည့်ကာလ ၂၀၁၀ ပြည့်နှစ်ခန့်တွင် ပဲခူးတိုင်းအတွင်းရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကြီးမှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီ သန်းပေါင်း ၂၆၂သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပွင့်လင်းသောအမေး၊ ရိုးသားသောအဖြေ

သို့မဟုတ်

ငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန်

မြူနှင်းကင်းစ နွေဦးရာသီကြောင့် ရဟတ်ယာဉ်ပေါ်မှ မြင်တွေ့နေရသည့် ကရင်ပြည်နယ်၏ သဘာဝအလှတရားများက စိတ်ချမ်းမြေ့ကြည်နူးစရာ ဖြစ်ပါ၏။ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသော သံလွင်မြစ်ပေါ်မှ ထည်ဝါခံ့ညားသည့် သံလွင်တံတား (ဘားအံ)နှင့် ထုံးကျောက်တောင်များကြားမှ ကြီးမားလှသည့် မြိုင်ကလေး ဘိလပ်မြေစက်ရုံတို့သည် ကရင်ပြည်နယ်အတွင်း တပ်မတော်အစိုးရလက်ထက် ရုပ်လုံးကြွလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှုများအဖြစ် စိတ်မှာ အားရကျေနပ်မိပါ၏။ ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုအပေါ် များစွာမူတည်နေကြောင်း ဘားအံ သံလွင် တံတားကြီးနှင့် မြိုင်ကလေး ဘိလပ်မြေစက်ရုံတို့က အထင်အရှား ဖော်ညွှန်းနေသော သာဓကများ ဖြစ်နေပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သလို တည်ငြိမ်အေးချမ်းမှုအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်ပေလိမ့်မည်။ ဒေသခံပြည်သူများ၏ ပကတိ လိုလားတောင့်တချက်ကလည်း ငြိမ်းချမ်းရေးမှတစ်ဆင့် တည်ငြိမ်အေးချမ်းသော လူနေမှုပတ်ဝန်းကျင်တစ်ခုဖြစ်ပါသည်။ ထိုအချက်ကို မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr.Quintana အဖွဲ့၏ ကရင်ပြည်နယ်ခရီးစဉ်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသောအဖွဲ့များနှင့် Mr.Quintana တို့၏ တွေ့ဆုံမေးမြန်း ပြောဆိုချက်များက မီးမောင်းထိုးပြခဲ့ပါသည်။

ငြိမ်းချမ်းရေး၏အနှစ်သာရ၊ ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူး၊ ငြိမ်းချမ်းရေး၏အသီးအပွင့်နှင့် ငြိမ်းချမ်းရေးကိုဖျက်ဆီးလိုသူများ၏ လုပ်ဆောင်ချက်များကို ကရင်ပြည်သူများ၏ကိုယ်စား တိုင်းရင်းသားအဖွဲ့အစည်းများ၏ တာဝန်ရှိသူများက စိတ်ထဲမှာရှိသည့်အတိုင်း ရိုးသားပွင့်လင်းစွာ ပြောဆိုဆွေးနွေးခဲ့သည်ကို ကြားသိခဲ့ရပါသည်။ ကုလသမဂ္ဂအဖွဲ့၏ လွတ်လပ်ပွင့်လင်းသည့် မေးခွန်းများကို အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကလည်း တိုင်းရင်းသားများပီပီ ရိုးသား၊ ရှင်းလင်း၊ ပြတ်သားစွာ ဖြေဆိုပြောကြားခဲ့ပါသည်။

ပြောဆိုဆွေးနွေးချက်အားလုံး၏ အနှစ်ချုပ်မှာ-

- **ငြိမ်းချမ်းရေး ဘာကြောင့်လုပ်ရသလဲ။**
- **ငြိမ်းချမ်းရေးကို ဖျက်ဆီးလိုသူများက ဘာတွေလုပ်ဆောင်နေသလဲ။**

ငြိမ်းချမ်းရေးကြောင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့မှုများနှင့် ဒေသခံ ပြည်သူလူထုအပေါ် ငြိမ်းချမ်းရေး၏ အကျိုးသက်ရောက်မှုများကို ကွက်ကွက်ကွင်းကွင်း ကြားသိတွေ့မြင်ခဲ့ရပါသည်။

သူတို့၏ပြောကြားချက်များအရ တည်ငြိမ်အေးချမ်းနေသော ဒေသများနှင့် အေးချမ်းမှုမရှိသေးသော ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု မည်မျှကွာခြားသည်ကို ကရင်ပြည်နယ်အတွင်းရှိ ပြည်သူအများ သိရှိနားလည်ကြပြီဟု ယုံကြည်မိပါသည်။ ကျွန်တော့်လိုပဲ ကုလသမဂ္ဂဝန်ထမ်းများအားလုံးလည်း နားလည်သဘောပေါက်သွားမည်ဟု ယုံကြည်မိပါသည်။ ငြိမ်းချမ်းရေးပြုလုပ်ရခြင်း အကြောင်းရင်းနှင့်ပတ်သက်၍ မြိုင်ကြီးငူဒေသမှ အဘိုး သာထူးကျော်က "KNU တော်လှန်ရေး စတင်ခဲ့သည့် ၁၉၄၉ ခုနှစ်ကတည်းက ကရင်လူမျိုးကောင်းစားရေး ကြွေးကြော်နေပေမယ့် ကရင်ပြည်နယ်မှာ KNU က စာသင်ကျောင်းတစ်ကျောင်း၊ ဆေးပေးခန်းတစ်ခု၊ တံတားတစ်စင်းမဆောက်ပေးဖူးသေးကြောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းတွေကို မီးရှို့ဖျက်ဆီး၊ လမ်းတွေ တံတားတွေနဲ့ ဂက်စ်ပိုက်လိုင်းတွေကို မိုင်းခွဲခဲ့ကြောင်း၊ ဆက်ကြေးကောက်၊ ဓားပြတိုက်နေတာတွေကို ကရင်လူထုက လက်မခံပေမယ့်လည်း ကြောက်လို့ ကြိတ်မှိတ်ခံစားနေရကြောင်း၊ ခေါင်းဆောင်တွေက ထိုင်းနိုင်ငံမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကြီးများနှင့်ကြီးပွားချမ်းသာနေပြီး ကျည်လွတ်မြေကနေ ပြည်တွင်းမှာ တိုက်ပွဲတွေဖြစ်အောင် ကွပ်ကဲနေကြကြောင်း၊ သူတို့တွေ ချမ်းချမ်းသာသာနေနိုင်အောင် ကရင်လူထုက ဆက်ကြေးလည်းပေးရ၊ ဆိုးရွားသည့်အနိဋ္ဌာရုံများကိုလည်း ခံစားနေရတာတွေကို နားလည်လာပြီး KNU အဖွဲ့က ဘာသာရေးခွဲခြား ဖိနှိပ်မှုများကြောင့် ငြိမ်းချမ်းရေးလုပ်ခဲ့ရကြောင်း၊ ငြိမ်းချမ်းရေးရပြီး နိုင်ငံတော်အစိုးရ၏ စောင့်ရှောက်မှုအောက်မှာ ဒေသအကျိုးအတွက် ကောင်းကောင်းလုပ်နိုင်နေပြီဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့ပါသည်။

အဘိုးသာထူးကျော်ဘေးမှ မားမားမတ်မတ် ရပ်တည်နေသော ဦးကျော်သန်းကလည်း "မိမိတို့အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးရပြီးနောက် မြို့ပေါ်တွင် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့သည်မှာ ၁၄ နှစ်ရှိပြီဖြစ်ကြောင်း၊ သည်ထက်မက ပျော်ရွှင်စွာနေလိုကြောင်း၊ မိမိတို့ဘဝသည် ယခင်က အလွန်ဆိုးရွားခဲ့ကြောင်း၊ ယခု ကောင်းနေပြီဖြစ်ကြောင်း၊ ဒီထက်မကောင်းလျှင်နေ မဆိုးချင်တော့ပါကြောင်း၊ မိမိတို့အနေဖြင့် လက်နက်ကို ကိုင်ချင်၍ကိုင်ခြင်း မဟုတ်ဘဲ ငယ်စဉ်အခါက KNU က တစ်အိမ်တစ်ယောက် မလိုက်မနေရ အတင်းအကျပ်လုပ်ဆောင်ခဲ့၍ KNU တပ်သားဘဝရောက်ခဲ့ရကြောင်း၊ နှစ်ပေါင်းများစွာ လမ်းလွဲ မှားခဲ့သဖြင့် ကရင်ပြည်နယ်နှင့် ကရင်လူမျိုးများကို ဒုက္ခပေးခဲ့မိကြောင်း၊ ယခုအခါ မိမိတို့အဖွဲ့ကို အစိုးရဘက်မှ စာနာနားလည်ပေးမှုဖြင့် သဘောထားကြီးကြီးထားပြီး မိမိတို့ကို စောင့်ရှောက်ထားကြောင်း၊ အကောင်းဆုံးကို မျှော်လင့်နေပါကြောင်း"ဟု ပြောကြားခဲ့ပါသည်။

ရှင်းသန့်

ထို့ကော်ကိုးဒေသမှ ဖထီးထိန်မောင်ကလည်း "မိမိတို့အဖွဲ့ ငြိမ်းချမ်းရေးရတာ ၂နှစ်ရှိသွားပြီ၊ ကရင်စစ်သားတိုင်းက ငြိမ်းချမ်းရေးကိုလိုချင်ကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အားလုံးက ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲအောင် လက်တွဲ အကောင်အထည်ဖော်နေကြောင်း၊ အစိုးရအနေနဲ့ ကောင်းတဲ့အလုပ်ကို လုပ်ခြင်းဖြစ်ကြောင်း၊ တစ်တိုင်းပြည်လုံးရှိ ပြည်သူအားလုံးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သည့်အတွက်ကြောင့် ၎င်းတို့အနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ ကောင်းအောင်လုပ်သည့်ရည်ရွယ်ချက်အတွက် ကောင်းသည့်ဘက်မှ အမြဲတမ်းလက်တွဲလုပ်ဆောင်သွားမည် ဖြစ်ကြောင်း"ဖြင့် ပြောကြားခဲ့ပါသည်။ ဒုက္ခသည်စခန်းများနှင့် ပတ်သက်ပြီး ဖထီးထိန်မောင်က ဆက်လက်ပြောကြားရာတွင် "ကရင်လူမျိုးများအား ဒုက္ခသည် အမည်ခံခိုင်းပြီး အနည်းငယ်မျှသော ထောက်ပံ့မှုများကို ပေးထားကြောင်း၊ ထိုသို့ရရှိမှုအပေါ် စိတ်ဓာတ်များ ပျက်ပြားနေကြောင်း၊ အရှင်းဆုံး ပြောရမည်ဆိုပါက ဒုက္ခသည်စခန်းအမည်ခံပြီး နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှုများကို တောင်းယူကာ ကရင်လူမျိုးများကို အနည်းငယ်မျှသာ ထောက်ပံ့ပေးသည့်လုပ်ရပ်သည် ကရင်လူမျိုးများကို သတ်ပစ်သည်နှင့်တူကြောင်း၊ ဒုက္ခသည်စခန်း လုံခြုံရေးအတွက် KNU က တစ်ဖက်နိုင်ငံအတွင်း လက်နက်စွဲကိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ၊ မသမာမှုများ လုပ်ဆောင်လျက်ရှိကြောင်း"ဟု နာကြည်းခံပြင်းမှုများနှင့်အတူ ရှင်းလင်းပြောကြားခဲ့ပါသည်။

ဘုရားကုန်းဒေသမှ ဖဒိုအောင်ဆန်းကပြောကြားရာတွင် "ငြိမ်းချမ်းရေး ပြုလုပ်ရန် ၎င်း၏ တပ်ဖွဲ့ဝင်များ၏ဆန္ဒနှင့် ကရင်ပြည်သူလူထု၏ဆန္ဒ တစ်ထပ်တည်း ဖြစ်နေခဲ့ကြောင်း၊ ယခင် KNU မှာ ရှိစဉ်ကတည်းက ငြိမ်းချမ်းရေး ဆွေးနွေးရန်တင်ပြမှုအပေါ် မိမိအား KNU မှ သစ္စာဖောက်၊ ဖောက်ပြန်ရေးသမားဟုသတ်မှတ်ပြီး (၂)ကြိမ် ဖမ်းဆီးခြင်းပြုလုပ်ခဲ့ကြောင်း၊ အလင်းမဝင်ရောက်ရန်အတွက် ကျမ်းကျိန်ဆိုခိုင်းခဲ့ပြီး (၂)ကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်မှု ကြုံတွေ့ခဲ့ရကြောင်း၊ မိမိအနေဖြင့် KNU တွင် ခေါင်းဆောင်ပိုင်းဖြစ်ခဲ့ပြီး ထိုင်းနိုင်ငံအတွင်း အိမ်၊ ခြံ၊ မြေ၊ ကားများ ပိုင်ဆိုင်သော်လည်း KNU ၏ ရည်မှန်းချက်၊ လုပ်ဆောင်ချက်နှင့် ဖြစ်ပေါ်နေသော အခြေအနေများအရ ၎င်းပိုင်ဆိုင်မှုများကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးရယူခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရမှလည်း ကိုယ့်မိသားစုဝင်ကဲ့သို့ နွေးထွေးစွာ လက်ခံကြိုဆိုခဲ့ပါကြောင်း၊ နေရေးထိုင်ရေးအတွက် အဆင်ပြေစေရန် အိမ်ဆောက်ပေးပါကြောင်း၊ စိုက်ပျိုးစားသောက်ရန် မြေနေရာများ သတ်မှတ်ပေးခဲ့ပါကြောင်း၊ လျှပ်စစ်မီး၊ စိုက်ပျိုးရေရရှိစေရန် တူးမြောင်းများ တူးဖော်ပေးကြောင်း၊ အစိုးရက မိမိတို့အဖွဲ့အား လိုလေသေးမရှိအောင် ထောက်ပံ့ပေးထားပါကြောင်း၊ နယ်မြေအေးချမ်းသည့်အတွက် ၎င်းတို့အခြေပြုသည့်ကျေးရွာတွင် လက်နက်ကိုင်ဆောင်ထားခြင်းမရှိပါကြောင်း၊ လုံခြုံရေးလည်း မလိုအပ်သဖြင့် လက်နက်ကို စွန့်လွှတ်ခဲ့ပြီဖြစ်ကြောင်း"ပြောကြားခဲ့ပါသည်။

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ကိုယ့်အမြင်၊ကိုယ့်အတွေးဖြင့် မိမိတို့၏ လက်ရှိပကတိ အခြေအနေများကို Mr.Quintana အဖွဲ့အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းတို့၏ ပြောကြားချက်များသည် အဖွဲ့အစည်းကို ကိုယ်စားပြု၍ ပြောကြားခြင်းမဟုတ်ဘဲ တစ်ဦးချင်းခံစားချက်မှသည် အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုတစ်ရပ်လုံး၏ ခံစားချက်များ ဖြစ်မည်ထင်ပါသည်။ Mr.Quintana အဖွဲ့အနေဖြင့်လည်း အနောက်မီဒီယာနှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများထံမှ ၎င်းတို့ကြားသိထားသည့် အချက်များနှင့် ပကတိမြင်တွေ့ ကြားသိထားသည့်အချက်များ လုံးဝ ကွဲလွဲနေသည်ကို သိရှိနားလည်ပေလိမ့်မည်။ သိလိုသည်များကို လွတ်လွတ်လပ်လပ် မေးမြန်းမှုများအပေါ် တစ်ဖွဲ့ချင်းစီ၏ တုံ့ပြန်ဖြေကြားချက်များသည် တူညီသောအဖြေများသာ ဖြစ်နေခဲ့ပါသည်။

ပွင့်လင်းသောအမေးများကို တုံ့ပြန်ခဲ့သော ရိုးသားသည့်အဖြေများသည် သာမန်အပေါ်ယံကြော အမေးအဖြေပြုလုပ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထုများကို ကိုယ်စားပြုသည့် အပြောအဆို ရှင်းလင်းချက်များ ဖြစ်ပေလိမ့်မည်။ အဓိကအချက်မှာ ကရင်ပြည်နယ်ကို ယခုထက်ပိုမိုတိုးတက်စေလိုပြီး ဒေါနတောင်တန်းများပေါ်မှ လက်နက်ကြီးငယ် အသံများအစား ဖားစည်သံများ လွှမ်းမိုးကာ ငြိမ်းချမ်းရေးတေးသံများ ပဲ့တင်ထပ်စေလိုသည်မှာ ပြည်သူအားလုံး၏ ဆန္ဒအမှန်ဖြစ်ပေလိမ့်မည်။

ပြည်သူတို့၏ လိုလားတောင့်တချက်ကို အမြဲတမ်း ဖြည့်ဆည်းပေးနေသည့် နိုင်ငံတော်အစိုးရအနေဖြင့် ထို့ကော်ကိုး၊ မြိုင်ကြီးငူ၊ ဘုရားသုံးဆူဒေသများကဲ့သို့ ကရင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းအောင် စွမ်းဆောင်လျက် ရှိပါသည်။ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အဖွဲ့များကလည်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေး၏ အနှစ်သာရကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ Mr.Quintana ခရီးစဉ်မှ တစ်ဆင့် နိုင်ငံတကာသို့ သတင်းစကား ပါးလိုက်နိုင်ပါသည်။ တစ်နည်းအားဖြင့် ပွင့်လင်းသော မေးခွန်းများအပေါ် ဒေသခံပြည်သူများ၏ ရိုးသားသော အဖြေများသည် ကရင်ပြည်နယ်အတွက် ငြိမ်းချမ်းရေးသန္နိဋ္ဌာန်များပင် ဖြစ်ပါတော့သည်။ ။

ကရင်ပြည်နယ်ကို ယခုထက် ပိုမိုတိုးတက်စေလိုပြီး ဒေါနတောင်တန်းများပေါ်မှ လက်နက်ကြီးငယ် အသံများအစား ဖားစည်သံများ လွှမ်းမိုးကာ ငြိမ်းချမ်းရေးတေးသံများ ပဲ့တင်ထပ်စေလိုသည်မှာ ပြည်သူအားလုံး၏ ဆန္ဒအမှန်ဖြစ်။

ပြည်သူတို့၏လိုလားတောင့်တချက်ကို အမြဲတမ်းဖြည့်ဆည်းပေးနေသည့် နိုင်ငံတော်အစိုးရအနေဖြင့်ထို့ကော်ကိုး၊ မြိုင်ကြီးငူ၊ ဘုရားသုံးဆူဒေသများကဲ့သို့ ကရင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းအောင် စွမ်းဆောင်လျက်ရှိ။

ကမ္ဘောဇနှင့် Air Bagan တို့၏ ပထမအကျော့ရှုံးထွက်ပွဲစဉ် သရေကျ

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့် စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲ ပထမအဆင့် ရှုံး/ထွက် ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းအနိုင်ရသွားပြီး ကမ္ဘောဇအသင်းနဲ့ Air Bagan F.C တို့ သရေပွဲဖြစ်သွားခဲ့ပါတယ်။

Air Bagan တိုက်စစ်မှူး နိုင်ဦးလွင်၏ ထိုးဖောက်မှုကို ကမ္ဘောဇ နောက်ခံလူ အေးဆန်း ဤသို့ တားဆီးခဲ့သည်။ (မြန်မာ့အလင်း)

အောင်ဆန်းကွင်း

ကမ္ဘောဇ-တစ်ဂိုး Air Bagan-တစ်ဂိုး

ပွဲကောင်း

ခြေညီတဲ့ နှစ်သင်းဖြစ်သလို ပုဂ္ဂလိက အသင်းအချင်းချင်း တွေ့ဆုံကြတာဖြစ်တာကြောင့် ပွဲဟာ အကြိတ်အနယ်ရှိခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ ကွာတားဖိုင်နယ်တက်ခွင့်ရရှိရေးအတွက်သာမက အမှတ်ပေးပြိုင်ပွဲတုန်းက ရှုံးကြွေးကိုပါ ပြန်ဆပ်ဖို့ လူစုံထုတ် ယှဉ်ပြိုင်ခဲ့ပေမယ့် ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့တာကြောင့် နိုင်ပွဲနဲ့ဝေးခဲ့ရတာဖြစ်ပါတယ်။ Air Bagan အသင်းမှာလည်း နိုင်ဦးလွင်၊ တင်ဝင်းအောင်၊ ဒေးဗစ်ထန်းတို့နဲ့ လူစုံပါဝင်ခဲ့ပြီး အနိုင်ရဖို့ကြိုးစားခဲ့ပေမယ့် သရေပွဲနဲ့သာ ကျေနပ်ခဲ့ရတာကြောင့် နောက်တစ်ဆင့်တက်ဖို့ ဒုတိယအကျော့ဟာ အရေးပါလာပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒုတိယအကျော့ဟာ အခုပွဲလိုပဲ ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။

ပထမပိုင်း

ပထမပိုင်းမှာတော့ တင်ဝင်းအောင် ဦးဆောင်တဲ့ Air Bagan ကွင်းလယ်ဟာ အသာရခဲ့တာကြောင့် ကမ္ဘောဇဘက်ကို ဖိကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကွင်းလယ်က တင်ဝင်းအောင်ခြေစွမ်းပြပြီး တိုက်စစ်ကို အကောင်းဆုံး ပံ့ဖော်ပေးနိုင်ခဲ့တာကြောင့် ကမ္ဘောဇတိုက်စစ်ဆင်ခွင့် သိပ်မရခဲ့ပါဘူး။ နိုင်ဦးလွင်၊ ဒေးဗစ်ထန်း၊ ထွန်းထွန်းဝင်းတို့ရဲ့တိုက်စစ်တွဲလုံးတွေကို ကမ္ဘောဇ နောက်တန်း မနည်းထိန်းခဲ့ရပြီး ဂိုးသွင်းခွင့်အချို့ကိုလည်း ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့လို့ ပထမပိုင်းအပြီးမှာ ဂိုးမရှိသရေကျနေပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းအစမှာ ကမ္ဘောဇအသင်းက အောင်မျိုးအစား စိုင်းကျော်သူရအောင်ကို လူစားလဲကစားခဲ့လို့ တိုက်စစ်အားပိုကောင်းလာပြီး ၄၈မိနစ်မှာ တိုက်စစ်မှူးစိုးမင်းဦးက ကမ္ဘောဇအတွက် ဦးဆောင်ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ဂိုးပေးလိုက်ရလို့ Air Bagan အသင်းချေပဂိုးရဖို့ တိုက်စစ်အား ပြန်တင်လာခဲ့ပါတယ်။ ဟန်ဝင်းအောင်ဦးဆောင်တဲ့ ကမ္ဘောဇနောက်တန်းက ကြံ့ကြံ့ခံဖျက်ထုတ်နေလို့ Air Bagan အခွင့်အရေးသိပ်မရခဲ့ဘဲ မိနစ် ၅၀မှာရရှိတဲ့ ဂိုးသွင်းခွင့်ကိုလည်း နိုင်ဦးလွင်အသုံးမချနိုင်ခဲ့ပါဘူး။ ၆၆မိနစ်မှာတော့ Air Bagan အသင်းချေပဂိုးပြန်ရသွားပြီး ကမ္ဘောဇဂိုးသမားကျော်ဇင်ထက်ဆီက လျှံထွက်လာတာကို နိုင်ဦးလွင်ကပိတ်သွင်းယူခဲ့တာပါ။ သရေဖြစ်ပြီးနောက်ပိုင်းမှာ ပွဲဟာအကြိတ်အနယ်ရှိလာပြီး ကမ္ဘောဇက ရဲမောင်မောင်နဲ့ စိုင်းကျော်သူရအောင်၊ Air Bagan က နိုင်နိုင်တို့အပိုင်အခွင့်အရေးတွေရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့လို့ သရေနဲ့အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

စွမ်းအင်- နှစ်ဂိုး၊ ဆောက်လုပ်ရေး- တစ်ဂိုး

အမှတ်ပေးပြိုင်ပွဲတုန်းက တတိယနေရာရခဲ့တဲ့ စွမ်းအင်နဲ့ စတုတ္ထနေရာရခဲ့တဲ့ ဆောက်လုပ်ရေးတို့ တွေ့ဆုံကြတာဖြစ်ပါတယ်။ စွမ်းအင်အတွက် အနိုင်ဂိုးတွေကို နိုင်လင်းထွန်းနဲ့ မျိုးဇော်ဦးတို့ကသွင်းယူခဲ့ပြီး ဆောက်လုပ်ရေးအတွက် ချေပဂိုးကို တင်ဇော်မိုးက သွင်းယူခဲ့ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မြို့တော်စည်ပင် - ဘဏ္ဍာ/အခွန်

အောင်ဆန်းကွင်း

ကာကွယ်ရေးဝန်ကြီးဌာန - စီးပွား/ကူးသန်း

(မြန်မာ့အလင်း)

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ဧက ၇၈၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့

ရန်ကုန် မတ် ၁၂

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီ၊ တန့်ယန်း၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်၊ ကွန်ဟိန်း၊ ကျေးသီးမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဆတ်၊ မိုင်းပျင်း၊ မက်မန်းမြို့နယ်၊ ကချင်ပြည်နယ် ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်၊ ပူတာအိုမြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၉၉၃ ဒသမ ၁ဧက (၄၀၁ ဒသမ ၈၈ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖျက်ဆီးနိုင်ခဲ့

အလားတူ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ မန်တုန်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဆီဆိုင်၊ မိုးနဲမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခုတ်မြို့နယ်၊ ကချင်ပြည်နယ် ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်၊ ပူတာအိုမြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၅၉၁ ဒသမ ၁၉ဧက (၂၃၉ ဒသမ ၂၄ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၇၈၉၂ ဒသမ ၈၆ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်စည်ပင် ကျေးလက်သစ်သားတံတားပြုပြင်

သန်လျင် မတ် ၁၂

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း/တံတား ရန်ပုံငွေဖြင့် ငပ-သနပ်ပင် သစ်သားတံတား ကောင်းမွန်စေရန် လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးခင်မောင်ဝင်းက ပြန်လည်ပြုပြင်လျက်ရှိရာသို့ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က မတ် ၄ ရက်က ကွင်းဆင်းကြီးကြပ်ခဲ့ကြသည်။**(အောက်ပုံ)**

အဆိုပါသစ်သားတံတားပြုပြင်ပြီးစီးပါက နီးစပ်ရာကျေးရွာများဖြစ်ကြသည့် သနပ်ပင်-ငါးပြေမ-ညောင်လေးပင်နှင့် ကုလားဝဲကျေးရွာတို့မှ ကျေးလက်နေပြည်သူများ ရာသီမရွေးဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၃-၂၀၀၉ ရက်(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
	၂။	ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	နှောင်းခေတ်တေးပဒေသာ
၇:၅၀	၅။	နားဝင်ပီယံသူ့လက်သံ
၈:၀၀	၆။	မြသားရောင်ခြယ်သနေသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀	၉။	(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။	အတီးပြိုင်ပွဲ
၄:၂၀	၃။	ကြေးမုံရိပ်သွင်တေးနှယ်ဥ
၄:၃၀	၄။	**တစ်လောကလုံးလင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဉ္ဇာဦး၊ဝါဝါအောင်၊ ဇော်ဖုံးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၄:၄၅	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄:၅၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအဓိက) (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၅:၁၀	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀	၈။	မြန်မာစာ၊ မြန်မာစကား
၅:၃၅	၉။	တေးဂီတအစီအစဉ်
၅:၄၅	၁၀။	(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း**(အပိုင်း-၆၀)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၈)

မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် မတ် ၁၂

ဗိသုကာအသင်းစကားဝိုင်းကျင်းပမည်

မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူးကျင်းပသော ဗိသုကာစကားဝိုင်း (၀၂/၀၉)ကို မတ်၁၅ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်နယ်မြေဝင်း)မြေညီထပ်တွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၇-၆၃၅၀၀နှင့် ၀၉-၅၁-၁၆၉၈၂ တို့သို့ ဆက်သွယ်နိုင်ကြသည်။

ဖြူးမြို့ အမျိုးသားကျောင်း နှစ်(၉၀)ပြည့်မဂ္ဂဇင်းထုတ်မည်

ဖြူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(အမျိုးသားကျောင်း-၁၉၂၀)၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ပထမပတ်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ဖြူးအမျိုးသားကျောင်း နှစ်(၉၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက ဦးသက်စိန်(ဥက္ကဋ္ဌ) ဖုန်း-၀၅၄-၄၀၀၄၈၊ ဒေါ်နန်းစန်းစန်းယု(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၅၄-၄၀၂၄၉၊ ဦးသက်ထွန်း (ဘဏ္ဍာရေးမှူး)ဖုန်း-၀၅၄-၄၀၅၇၅ တို့သို့ ဆက်သွယ်နိုင်ကြသည်။

ဘ၀အောင်မြင်မှုဆောင်းပါးစာအုပ်ဖြန့်ချိ

ဘ၀အောင်မြင်မှုဆိုင်ရာဆောင်းပါးများအမည်ရှိ စာအုပ်ကိုစာရေးဆရာမအေးဖြူရေးသားပြီး အသိပညာပေးအကျိုးပြုဆောင်းပါးများပါဝင်ကာ ချိုတေးသံစာပေမှ ဖြန့်ချိထားသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၂၀ရက်မှ ၂၂ရက်အထိ မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင် ပြည်လမ်း၌ကျင်းပမည်ဖြစ်ရာ အသင်းသားမိသားစုများ ပါဝင်ဆင်နွှဲနိုင်ကြောင်း နှိုးဆော်ထားသည်။

ဟသ်ာတအသင်း နှစ်ပတ်လည်စည်းဝေးမည်

ဟသ်ာတအသင်းနှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ် ၁၈၄/၁၈၆ ၄၅ လမ်း ရန်ကုန်မြို့ အသင်းတိုက်သစ်ကြီး၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၅၀၂၀၃နှင့် ၅၃၄၅၄၈တို့သို့ ဆက်သွယ်နိုင်သည်။

ဟော်ကီပြိုင်ပွဲကျင်းပမည်

၂၀၀၉ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေးဟော်ကီပြိုင်ပွဲကို မတ် ၁၅ရက်မှ ဧပြီ ၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်မည်

နွေရာသီ အသက် ၁၄နှစ်နှင့် ၁၆နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို မတ် ၂၃ရက်မှ ၂၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို မတ်၂၂ရက် နံနက် ၁၀နာရီတွင် ကျိုက္ကဆံဘတ်စကက်ဘောရုံ၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံခြားဘာသာစကားပြောနှင့် ကွန်ပျူတာသင်တန်းဖွင့်မည်

အခြေခံနှင့် အဆင့်မြင့်နိုင်ငံခြားဘာသာ(အင်္ဂလိပ်၊ ဂျာမန်)ညနေအချိန်ပိုင်း စကားပြော လေ့လာသင်တန်းကို ဧပြီလအတွင်း ညနေ ၄နာရီမှ ၆နာရီအထိ တနင်္လာ၊ ဗုဒ္ဓဟူးနှင့်သောကြာနေ့များတွင်လည်းကောင်း၊ အခြေခံကွန်ပျူတာအသုံးချနည်းနှင့် အင်တာနက် အီးမေးလ်အပါအဝင် နှစ်လသင်တန်း၊ အဆင့်မြင့်ကွန်ပျူတာ အသုံးချနည်းသင်တန်းများကို ဧပြီလအတွင်း အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်သိရှိလိုက ဖုန်း-၆၅၀၇၁၂နှင့် ၆၅၀၇၁၆ တို့သို့ ဆက်သွယ်နိုင်သည်။

တန့်ဆည်အသင်းနှစ်ပတ်လည်စည်းဝေးမည်

တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်း ၃လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၂၂၀၇၈ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ

၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၆၀ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ်၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၂၁၂၄၁နှင့် ၀၉-၅၁-၂၆၇၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆကာကြီးအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ဆကာကြီးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၉ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၅၀၁၄၈၄နှင့် ၅၁၈၀၃၂တို့သို့ ဆက်သွယ်နိုင်ကြသည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကော့ကရိတ်၌ ကတ္တရာလမ်းသစ်ဖွင့်

ကော့ကရိတ် မတ် ၁၂

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကော့ကရိတ်မြို့နယ် အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းသွယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၇ရက်က ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးမြအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေပြာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၂

ဦးစံသောင်းသည် ကစားဖော်များဖြစ်ကြသော ဦးထိန်လင်း၊ ဦးစန်းမြင့်၊ ဦးသန်းရီတို့နှင့်အတူ မတ် ၁၁ရက်က နေပြည်တော် ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V-1 (No-1) ဂေါက်သီးကို Maruman Wood-5 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၉၁ ကိုက်အကွာရှိ ကျင်းအမှတ်(၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လက်ဝှေ့လောကမှ အနားယူခဲ့သူ ကယ်လ်ဇာဂီ ဟော့ပ်ကင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရန်ငြင်းဆို



လန်ဒန် မတ် ၁၂

ဝေလလက်ဝှေ့ကြယ်ပွင့် ဂျိုးကယ်လ်ဇာဂီ**(အပေါ်ပုံ)**က ၎င်းအနေဖြင့် လက်ဝှေ့လောကမှ အနားယူခဲ့ပြီးဖြစ်သည်ဟု အခိုင်အမာဆိုကာ အမေရိကန်လက်ဝှေ့သမား ဘားနတ်ဟော့ပ်ကင်းအား ထိုးသတ်ရန် ပယ်ချခဲ့သည်။

ဗြိတိန်နိုင်ငံ ကာဒစ်ဖ်မြို့တွင် ရှုံးပွဲမရှိ ဂျိုးကယ်လ်ဇာဂီနှင့် အမေရိကန်လက်ဝှေ့ကျော် ဟော့ပ်ကင်းတို့ ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် စေ့စပ်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြောင်း ဂိုးလ်ဒင်းဘွိုင်းပွဲကျင်းပရေး အမှုဆောင်ချုပ် ရစ်ချတ်စချာဖာက ဖွင့်ဟပြောကြားခဲ့သည်။

ဖွင့်ဟပြောကြား

သို့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက လက်ဝှေ့ကစားခြင်းမှ အနားယူခဲ့သူ ကယ်လ်ဇာဂီက လက်ဝှေ့ထိုးသတ်ခြင်းကို တစ်ဦးဦးက သတိရနေသည့်တိုင် မိမိအနေဖြင့် ခေါင်းထဲတွင် ထည့်မထားတော့ကြောင်း၊ မိမိအနေဖြင့် အနားယူခဲ့ပြီး ဖြစ်ကြောင်း၊ အနားယူရန် မိမိ၏ဆုံးဖြတ်ချက်အပေါ် ကျေနပ်ပျော်ရွှင်မိကြောင်း၊ မိမိအနေဖြင့် လက်ဝှေ့ထိုးသတ်ခြင်းအပေါ် စိတ်ပါဝင်စားမှု မရှိတော့သောကြောင့် ဟော့ပ်ကင်းနှင့် ထိုးသတ်ရန် မစဉ်းစားတော့ကြောင်း ကယ်လ်ဇာဂီက ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**



ဗြိတိသျှ လက်ဆင့်ကမ်းပြေးအသင်း၌ ချန်ဘာအား မရွေးချယ်ဟုဆို

လန်ဒန် မတ် ၁၂

ပြေးခုန်ပစ်ကြယ်ပွင့် ဒါဝင်ချမ်ဘာ (အပေါ်ပုံ) **သည် တူရင်မြို့တွင် ကျင်းပသည့် ဥရောပ အင်ဒိုးချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၆၀ အပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သော်လည်း လေးယောက်တွဲ မီတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲအဖွဲ့တွင် ၎င်းအား လက်ရွေးစင်အဖြစ် ထည့်သွင်း ရွေးချယ်ခဲ့ခြင်း မရှိဟု သတင်း၌ဖော်ပြသည်။**

လာမည့် ဩဂုတ်လတွင် ဘာလင်မြို့၌ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ဆင့်ကမ်းပြေးအသင်း၌ ပါဝင်ခွင့်ရမည်မဟုတ်ကြောင်း၊ ၎င်း၏ဆုံးဖြတ်ချက်သည် ချန်ဘာ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနှင့် မသက်ဆိုင်ကြောင်း ဗြိတိန်ပြေးခုန်ပစ်အကြီးအကဲ ချားလ်စ်ဗန်ကွန်မင်နီက ပြောကြားခဲ့သည်။ (အင်တာနက်)

တိုက်ဂါးဝုဒ် ကြွခိုင်မှု ပြန်လည်ပြည့်ဝလာ ဒဗလျူဂျီစီ-စီအေ ဂေါက်သီးပြိုင်ပွဲဆင်နွှဲ

လန်ဒန် မတ် ၁၂

ကမ္ဘာ့ဂေါက်သီး အကျော်အမော် တိုက်ဂါးဝုဒ်သည် ဒိုရယ်၌ ကျင်းပသည့် ဒဗလျူဂျီစီ-စီအေချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲလျက်ရှိပြီး ကြွခိုင်မှုပြန်လည်ပြည့်ဝလာသည့်အတွက် ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။ ယင်းပွဲစဉ်သည် ကိုးလတာကာလအတွင်း ၎င်းအနေဖြင့် ပထမဦးဆုံး ပွဲထွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဝုဒ်သည် ဒဏ်ရာရရှိခဲ့မှုကြောင့် ရှစ်လတာ အနားယူနေခဲ့ရပြီး လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ကမှ ဂေါက်သီးပြန်ကစားနိုင်ခဲ့ခြင်း ဖြစ်သည်။

ဝုဒ်သည် ၂၀၀၅ခုနှစ်ကတည်းက ယနေ့အထိ ကမ္ဘာ့အဆင့်(၁)ဂေါက်သီးသမားအဖြစ်ရပ်တည်နေနိုင်သူဖြစ်သည်။ ကမ္ဘာ့အဆင့်(၁)အဖြစ် သီတင်းပတ် ၁၄၄ပတ်အထိ ရပ်တည်နေဆဲဖြစ်ကာ ဂေါက်သီးလောကသို့ စတင်ဝင်ရောက်ခဲ့သည့် ၁၉၉၉ခုနှစ်ကတည်းက ယနေ့အထိ ကမ္ဘာ့ဂေါက်သီးချန်ပီယံဆုကို ၁၅ကြိမ် ဆွတ်ခူးထားနိုင်သူဖြစ်သည်။ **(အင်တာနက်)**

ကယ်လီဖိုးနီးယား တင်းနစ်ပြိုင်ပွဲ ကီယိုသာဗွန် ပွဲဦးထွက်ရှုံးနိမ့်

လန်ဒန် မတ် ၁၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်ဒေသ၌ ကျင်းပသည့် တင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှအကျော်အမော် တင်းနစ်မယ် အန်နီကီယိုသာဗွန် **(အောက်ဝဲပုံ)** သည် ပွဲဦးထွက်ပြိုင်ပွဲ၌ အိုလ်ဂါဂို ဗော့ဆိုဗာအား ၂-၆၊ ၆-၃၊၆-၁ ဖြင့် ရှုံးနိမ့်ခဲ့သည်။

ကမ္ဘာ့အဆင့် တင်းနစ်သတ်မှတ်ချက်တွင် ပြိုင်ဘက် ဘီလာရစ် တင်းနစ်မယ်ထက် ခုနစ်ဆင့်ပိုမြင့်ပြီး အဆင့်(၅၁) နေရာ၌ ရပ်တည်နေသူ ဗြိတိသျှအဆင့်(၁) တင်းနစ်မယ်ကီယိုသာဗွန်သည် ပထမပွဲစဉ် တစ်ခုတွင်သာ ပြိုင်ဘက်ကို အနိုင်ရရှိခဲ့ပြီး ကျန်ပွဲစဉ်နှစ်ခုတွင် ရှုံးနိမ့်ခဲ့သည်။ **(အင်တာနက်)**

ချစ် စိုး နိုင်
စု စည်း တင် ပြ သည်

ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်တဲ့ ခြေစွမ်းရှိနေ — ဖာဂူဆန်
ကံတရားရဲ့ ဖေးမမှုကြောင့်လို့ပြောရင် ရပါတယ် — အာစင်ဝင်းဂါး

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဖြိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၂

ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ဒုတိယအကျော့ လက်ကျန်ပွဲစဉ်တွေကို မတ် ၁၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူက အင်တာမီလန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး မော်ရင်ဟိုရဲ့ ချန်ပီယံလိဂ်ဖလားအိပ်မက်ကို ပျက်ပြယ်စေခဲ့သလို အာစင်ဝင်းဂါးကလည်း ရိုးမားကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ ဖြုတ်ချထားနိုင်ခဲ့လို့ အင်္ဂလန်ကလပ် လေးသင်းစလုံး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို မြိုင်မြိုင်ဆိုင်ဆိုင် တက်ရောက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။

မတ် ၁၂ရက်က ကစားခဲ့တဲ့ မန်ယူနဲ့ အင်တာမီလန်ပွဲမှာ ပွဲအစ လေးမိနစ်မှာ ဗီဒစ်ရဲ့ ခေါင်းတိုက်ဂိုးနဲ့ မန်ယူတို့ ဦးဆောင်နိုင်ခဲ့သလို အင်တာမီလန်ကစားသမားတွေရဲ့ ရင်ထဲမှာ စောစောစီးစီး စိုးရိမ်ပူပန်မှု တွေဝေစေခဲ့တာပါပဲ။ မော်ရင်ဟိုဟာ ချေပဂိုးရရှိရေး ဗီအဲရာအစား မွန်တာရီ၊ စတန်ကိုဗစ်အစား

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

အက်ဒရီယာနို၊ ဘာလိုတီလီအစား ဖီဂိုတို့ကို အချိန်ကိုက် အစားထိုးကစားစေခဲ့ပေမယ့် ၄၉ မိနစ်မှာ စီရိုနယ်ဒိုက ခေါင်းတိုက်ဂိုးသွင်းခဲ့လို့ မော်ရင်ဟို ဖျာလိပ်ပြီး အိမ်ပြန်ခဲ့ရတာပါပဲ။ ဒီပွဲမှာ မန်ယူ ကစားသမားတွေက ရတဲ့အခွင့်အရေးကို အကျိုးရှိရှိ အသုံးချနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

အလေးထား

ဒီပွဲအပြီးမှာ မန်ယူနည်းပြ ဖာဂူဆန်က “မန်ယူအသင်းဟာ လက်ရှိချန်ပီယံလိဂ်ဖလားပိုင်ရှင်ပါ။ ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ အင်တာမီလန်ကို အနိုင်ရခြင်းဟာ အန္တရာယ်များတဲ့ အခက်အခဲ အတားအဆီးတစ်ရပ်ကို ကျော်ဖြတ်ရခြင်းပါပဲ။ ရှေ့ဆက်ကစားရမယ့် ပွဲတွေအားလုံးဟာ ခြေကုန်ထုတ်ရမယ့်ပွဲတွေချည်းမို့ အလေးထားရတော့မှာပါ” လို့ ပြောကြားခဲ့ပါတယ်။

အားကောင်း

မန်ယူကိုရှုံးခဲ့တဲ့ အင်တာမီလန် နည်းပြ မော်ရင်ဟိုကတော့ “ဒီနှစ်မှာ မန်ယူအသင်းရဲ့ခြေစွမ်းက ချန်ပီယံလိဂ် ဖလားကို ကာကွယ်နိုင်တယ်ဆိုတာ ယုံကြည်လိုက်ပါပြီ။ မန်ယူအသင်းဟာ ခြေစွမ်းထက်မြက်တဲ့အပြင် ကျွန်တော် ပရီမီယာလိဂ်မှာ ရှိတုန်းကအတိုင်း စည်းလုံးညီညွတ်မှု အားကောင်းတဲ့ အသင်းအဖြစ် ရှိနေဆဲပါပဲ” လို့ ပြောကြားခဲ့ပါတယ်။

ပြောကြား

ဒီလိုပါပဲ ရိုးမားအသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ နိုင်ပွဲရခဲ့တဲ့ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက “ရိုးမားဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး နိုင်ပွဲရဖို့ ကျွန်တော့်လူတွေ အတော်လေး ကြိုးစားခဲ့ရတယ်။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်တို့ နောက်တစ်ဆင့် တက်ဖို့ ကံတရားရဲ့ ဖေးမမှုကြောင့်လည်း ပါဝင်ခဲ့လို့ပါ” လို့ ပြောကြားခဲ့ပါတယ်။

အင်တာမီလန်နည်းပြ မော်ရင်ဟို

မန်ယူနည်းပြ ဖာဂူဆန်

အောင်ပွဲခံ

ဒါ့အပြင် ဘာစီလိုနာနဲ့ လိုင်ယွန်ပွဲမှာ ငါးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရပြီး နှစ်ပွဲပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးနဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တဲ့ ဘာစီလိုနာနည်းပြ ဂွါဒီရိုလာကလည်း “ကျွန်တော်တို့ ရှေ့ပွဲတွေ ကျော်ဖြတ်နိုင်ဖို့ ဒီထက် အားထုတ်ရမှာပါ။ ဒီပွဲစဉ်မှာ ကစားသွားတဲ့ ခြေစွမ်းအတိုင်း ထိန်းထားနိုင်ရင် ပြိုင်ဘက်တွေအပေါ် အောင်ပွဲခံနိုင်မယ်လို့ ယုံကြည်ပါတယ်” လို့ ပြောကြားခဲ့ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာအတွက် အွန်နရီ နှစ်ဂိုး၊ မက်စီ၊ အီတူးနဲ့ ကီတာတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြပါတယ်။

တက်ရောက်

ပေါ်တိုနဲ့ အက်သလက်တီကိုပွဲမှာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပေမယ့် ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့တာမို့ အဝေးကွင်း ဂိုးရလဒ်နဲ့ ပေါ်တိုက ချန်ပီယံလိဂ် ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ॥ **(အင်တာနက်)**

မင်္ဂလာဦးအလှူ ကျေးဇူးတင်လွှာ

ကျွန်တော်-ကျွန်မတို့၏ မင်္ဂလာဦးအလှူအဖြစ် လှူဒါန်းခဲ့သော အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မဟာအောင်မြေ မြန်မာဘုန်းတော်ကြီးကျောင်း သုံးထပ်ကျောင်းဆောင်သစ်တွင် သံဃာဆောင် အခန်းတစ်ခန်း ရေစက်ချလှူဒါန်းပွဲနှင့် ၁၀-၃-၂၀၀၉ ရက်တွင် ပြုလုပ်ခဲ့သော ဗုဒ္ဓဂယာ မဟာအောင်မြေ ဘုန်းတော်ကြီးကျောင်း သံဃာတော် အရှင်သူမြတ်များအတွက် အရဏ်ဆွမ်း ဆက်ကပ်ပွဲနှင့် ဗုဒ္ဓဂယာ ဘုရားဖူး ဓမ္မမိတ်ဆွေများအား နံနက်စာ လှူဒါန်းကျွေးမွေးပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီစီစဉ်ပေးခဲ့သော ဗုဒ္ဓဂယာ မဟာအောင်မြေ ဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးနှင့် သံဃာတော်များ၊ ရန်ကုန်မြို့ ဂန္ထဝင်ရွှေပုဂံ အဆင့်မြင့်ခရီးသွားလုပ်ငန်းမှ ဒေါ်မြစန္ဒာအောင်နှင့် ဝန်ထမ်းမိသားစုတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

စိုးနိုင်အောင်-သင်းသင်းခိုင်။

(၄၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

ပြည်မြို့ ပွဲစားလမ်းနေ ချစ်ဖေဖေ **ယူဟုန်ကာ(ခ) ဦးစိန်မြင့်**နှင့် ချစ်မေမေ **ဒေါ်ခင်သန်း** (ဇော်ဘိနပ်ဆိုင်)တို့၏ ၁၃-၃-၂၀၀၉ရက်တွင် ကျရောက်သော (၄၅)နှစ်ပြည့် မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သားသမီး မြေးများ နှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-

ချစ်သားများ	**ချစ်မြေးများ**
ကိုဇော်တင်-မမြတ်မြတ်ဆွေ	မီမီကို၊ မင်းမင်းဟန်၊ မီမီအောင်
ကိုဇော်ထွန်း-ဒေါက်တာခင်ခင်လှ	ပွင့်ဖြူခင်Stanley
ကိုဇော်အောင်-မဇင်မာဖြူ	ဝင်းအိဖြူ၊ ချိုလှဲ့ဖြူ
ကိုအောင်ဇော်မိုး-မသိမ့်သန္တာနွယ်	ပိုင်မင်းသန့်၊ ပိုင်မင်းခန့်၊ ဆောင်းယွန်းရွှေရည်
ကိုဇော်ဝင်း-ဒေါက်တာသူဇာအောင်	ချောနန္ဒာ၊ စည်သူမင်း၊ ထက်နေမင်း။

အမည်ပြောင်း

အဖ ဦးကျော်ရှင်ထွန်း၏သမီး အထက(၂) လသာ GRADE (9) F မှ မဆွေဆွေကျော်ရှင်ထွန်းအား ဆွေအေးရှင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

နေပြည်တော် ပျဉ်းမနား အလက(၁)၊ စတုတ္ထတန်း(A) မှ အဖ ဦးတင့်လွင်မျိုး၏ သမီး မသွယ်အိအား မဆုရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုရတီထက်။



ပုလဲရတု ဆုမွန်လွှာ

'ရွှေဘဲစားတော်ဆက်'၏(၁၃-၃-၂၀၀၉)ရက်တွင် ကျရောက်သော "နှစ်(၃၀)ပြည့်"နှစ်ပတ်လည်တိုင်အောင် အားပေးခဲ့ကြသောစားသုံးသူ မိတ်သင်္ဂဟအပေါင်းအား စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေဘဲစားတော်ဆက်မိသားစု

လူပျောက်ကြော်ငြာ

မောင်သူရဦး အသက်(၁၈)နှစ် အရပ်ငါးပေခန့်၊ အသားညို၊ လည်ပင်းမှဲ့ရှိ နေအိမ်မှ ၁၃-၂-၂၀၀၉ ရက်ထဲက ပျောက်နေပါသည်။ တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဆက်သွယ်ရန်

မနှင်းနှင်းယု(မိခင်)
(အိမ်)၂၀-၂၁၊ပီမိုးနင်းလမ်းမကြီး၊ အဆင့်မြင့် (၅)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၂၄၇၇၅၁။
(ရုံး)ခြံ(၁၈)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်။
ဖုန်း-၅၂၇၀၄၇၊၅၀၄၀၁၂၊၅၃၉၁၇၁၊ ၅၂၄၁၀၀

★ MGS Beverages Co., Ltd
Bldg- 7/8 Bahosi Yeik Thar , Bogyoke Street, Yangon Myanmar
Tel:(95) - 1- 223413,14, Fax : (95) -1- 222768
လက်လွှတ်မခံသင့်သောအခွင့်အရေး

Star အချိုရည် နှင့် မည်သည့်အချိုရည်ကိုမဆို
တစ်ကတ် ဝယ်ယူတိုင်း
Orange Crusher နှင့် Star Cola ကြိုက်ရာ (၄) ပုလင်း
Crusher ဆိုဒါ တစ်ကတ် ဝယ်ယူတိုင်း
Crusher ဆိုဒါ (၄) ပုလင်းကို
အရည်သီးသန့် လက်ဆောင်ရယူနိုင်ပါပြီ။
မြန်မာအနှံ့ ၁၃၊၃၊၂၀၀၉ မှစတင်၍
ဆက်သွယ်ရန်-(၉၅)-၁-၂၂၃၄၁၃
အကောင်းဆုံး အရည်အသွေး အာမခံချက်

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော၊ ရှောင်တခင်စစ်ဆေး

လားရှိုး မတ် ၁၂

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်(ဒုတိယညွှန်ကြားရေးမှူး)ဦးဆောင်၍ ဦးစံယွန်း(စက်မှုကျွမ်းကျင်-၂)၊ ဦးမြင့်ဦး (စာရင်းကိုင်-၂)၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနကဦးငွေစိုး (ဦးစီးအရာရှိ) ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်နေလင်း၊ တပ်ကြပ်ကြီးလှသိန်း၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးအောင်မြင့် (ဒုတိယဥက္ကဋ္ဌ)၊ ဦးစောသန်းထွန်းတို့သည် မတ်၇ရက်က လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းနှင့် အမှတ်(၄၁)ယာဉ်ရပ်နားစခန်းရှိ လားရှိုးမြို့မှ ကျောက်မဲ၊ သီပေါ၊ တန့်ယန်း၊ နမ္မတူမြို့သို့ ခရီးသည်တင် ပြေးဆွဲမည့် ပေါ်လွင်၊ ကားစိမ်း၊ တော်ဝင်၊ တောင်ပေါ်သား၊ ကြယ်သုံးလုံး မော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ပါရှိမှု ရှိ မရှိတို့ကို ရှောင်တခင် စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆ ဖြစ်ပွားမှုလျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(လားရှိုးကိုယ်ပွား)**

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၂

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက်ရှိ ဉယျာဉ်တိုက် လေသာကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ အမည်စာရင်းပေးပို့ကြပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သား သမီးများ စာရင်းပေးနိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆက်သွယ်လှူဒါန်း

အဆိုပါ စာရင်းများကို ဥက္ကဋ္ဌ ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဦးပေါ်အေး ဖုန်း-၅၅၅၈၅၉၊ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဦးတင်မောင်ညွန့် ဖုန်း-၂၄၇၃၀၂၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀-၄၃၂၇၂ တို့သို့ ဆက်သွယ်ပေးပို့ကြရန်ဖြစ်ပြီး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အုတ်ဖိုမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ အစည်းအဝေး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်သည့် ရွာသစ်ရပ်ကွက် ရေတွင်းများ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ငါးကို ပုံမှန်စားသုံးခြင်းဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုမဖြစ်ပွားနိုင်ဟုဆို

အသက် ၄၀ အရွယ်မှစတင်ကာ ငါးကိုနေ့စဉ်နီးပါးစားသုံးသွားပါက အသက်အရွယ်ရလာသည့်အခါ မှတ်ဉာဏ်ချို့ယွင်းမှုနှင့် ခေါင်းတုန်ခြင်းဝေဒနာတို့ လျော့ပါးသက်သာစေကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

ကာကွယ်ပေးနိုင်

ငါးများတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ဦးနှောက်ဆဲလ်များကို သန်စွမ်းစေပြီး အချိန်မတိုင်မီ မှတ်ဉာဏ်ချို့ယွင်းအားနည်းမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်းသိရသည်။

ထို့အပြင် ဦးနှောက်နှာဗ်ကြောများနှင့် ဦးနှောက်ကြွက်သားများသန်စွမ်းမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ငါးကို ပုံမှန်စားသုံးသူ ၈၀၀ အား သုတေသနပြုခဲ့ရာ ဦးနှောက်နှာဗ်ကြောများပျက်စီးမှု နည်းပါးကြသည်ကိုတွေ့ရှိရသည်ဟု ၎င်းတို့ကပြောကြားသည်။

ထောက်ပံ့

သို့သော် ငါးစားသုံးခြင်းကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်ခန့်စားသုံးသွားပါကလည်း ဦးနှောက်နှင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုကိုရရှိစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

အင်တာနက်ကျန်းမာရေး

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ရွှေဒင်္ဂါးပြား

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့တွင် ရွှေဖြင့် ပြုလုပ်ထားသော ဒင်္ဂါးပြားတစ်ခုမှာ အချင်း၃၉ဒသမ ၃၇လက်မ၊ အထူ၂ဒသမ၃လက်မရှိပြီး အလေးချိန် ၁၈၅ ဒသမ စစကီလိုဂရမ်ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံးရွှေဒင်္ဂါးပြား အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ) (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံးထိုင်ခုံ

ကျူးဘားနိုင်ငံအနောက်ပိုင်း အမ်အိုမြို့၌ ပြုလုပ်ထားသော ကုလားထိုင်ကြီးတစ်လုံးမှာ အမြင့်၄၂ပေ တစ်လက်မနှင့် အကျယ် ပေ၂၀ သုံးလက်မရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးကုလားထိုင်ကြီး တစ်လုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ယာပုံ)** **(အင်တာနက်ဓာတ်ပုံ)**

နိုင်ငံတကာ သတင်းစုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အီရန်အစ္စလမ္မစ် သမ္မတနိုင်ငံ၏သမိုင်းကြောင်း

သတင်းအက်ဆေး

အီရန်အစ္စလမ္မစ်သမ္မတနိုင်ငံသည် အရှေ့အလယ်ပိုင်းနှင့် တောင်အာရှဒေသ အကြားတွင်တည်ရှိသည်။ ၁၉၇၉ခုနှစ်တွင် ဘုရင်စနစ်ကိုဖယ်ရှားလိုက်ပြီး ဘာသာရေး ခေါင်းဆောင် အယာတိုလာခိုမေနီ ဦးဆောင်သည့် ဘာသာရေးခေါင်းဆောင်များက နိုင်ငံရေးကို လွှဲပြောင်းတာဝန်ယူသည့်အခါ ဤနိုင်ငံသည် တစ်မူထူးသော အစ္စလမ္မစ် သမ္မတနိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။ ယင်းနောက် အီရတ်နှင့် ရှစ်နှစ်ကြာစစ်ဖြစ်သဖြင့် ရေနံကြောင့် ဤနိုင်ငံကြွယ်ဝမှုကို ထိခိုက်ရသည်။

ပိုင်ဆိုင်

အီရတ်နိုင်ငံအတွင်း အမေရိကန်၏ ပြုပြင်ရေးကြိုးပမ်းချက်များကို ဤနိုင်ငံက ဖျက်ဆီးသည့်အပြင် နျူကလီးယားလက်နက် တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အမေရိကန်အစိုးရက စွပ်စွဲသည်။ ဤနိုင်ငံက ရုရှားအကူအညီဖြင့် ပထမဆုံး အဏုမြူ စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်နေသည်။ ၂၀၀၆ခုနှစ်တွင် ယူရေနီယံ သန့်စင်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဟု ကြေညာသည်။ ဤနိုင်ငံသည် ရုရှားနိုင်ငံ ပြီးလျှင် ရေနံနှင့် ဓာတ်ငွေ့သိုက် အများဆုံးပိုင်ဆိုင်သည်။

လက်ရှိအီရန်ဘာသာရေးခေါင်းဆောင်မှာ အယာတိုလာအလီခါမေနီဖြစ်သည်။ ဘာသာရေးခေါင်းဆောင်သည် ဤနိုင်ငံအတွင်း အာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ သမ္မတမှာ မာမွတ်အာမတ်ဒီနီဂျက် ဖြစ်သည်။

ထွန်းကား

ဤနိုင်ငံ၏သမိုင်းကို ပြန်ကြည့်လျှင် ခရစ်သက္ကရာဇ် ၂၂၄မှ ၆၅၁အထိ ပါရှား နိုင်ငံကို ဆက်ဆာနီယန်မင်းဆက်အုပ်စိုးခဲ့ပြီး ဇိုရိုအာစတာဘာသာ ထွန်းကားခဲ့သည်။ ၆၃၅ခုနှစ်တွင် အာရပ်တို့ကျူးကျော်ပြီးနောက် ထိုမင်းဆက်ပြုတ်သွားပြီး အစ္စလမ္မစ် အုပ်ချုပ်ရေးသွတ်သွင်းသည်။ ၁၂၂၀ပြည့်နှစ်တွင် ဂျင်ဂျစ်ခန်၏ မွန်ဂိုတပ်များ ကျူးကျော် ဝင်ရောက်သည်။ ၁၅၀၁ခုနှစ်တွင် ပထမမြောက်ရှားအစ္စမေးသည် အစ္စလမ္မစ်ဆာဖာဗီ မင်းဆက်၏ ပထမဆုံးဘုရင်ဖြစ်လာသည်။ ရှီးယိုက် အစ္စလာမ်ကို နိုင်ငံတော်ဘာသာ အဖြစ် ကြေညာသည်။

အဆုံးသတ်

၁၆၃၉ခုနှစ်တွင် ဇူးဟက်စာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် အော်တိုမန်အင်ပါယာ ချေမှုန်းရေး နှစ် ၁၅၀ခန့်စစ်ပွဲမှာ ပြီးဆုံးသွားသည်။ နာဒါရှား ဘုရင်အဖြစ်ရောက်ရှိလာ သဖြင့် ဆာဖာဗစ်မင်းဆက် အဆုံးသတ်သွားသည်။ ၁၈၂၈ခုနှစ်တွင် ရုရှားနှင့် ပါရှား ဒုတိယအကြိမ်စစ်ဖြစ်ပြီးနောက် ဤနိုင်ငံက ကော့ကေးဆပ်နယ်ကို ရုရှားသို့ ပေးအပ် လိုက်ရသည်။

ပြဋ္ဌာန်း

၁၉၀၇ခုနှစ်တွင် အုပ်စိုးသူ၏ အကြွင်းမဲ့အာဏာကို ကန့်သတ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းသည်။ ၁၉၁၄-၁၉၁၈ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်းတွင် ဤနိုင်ငံက ကြားနေကြေညာသော်လည်း စစ်တလင်းဖြစ်ခဲ့ရသည်။ ၁၉၂၁ခုနှစ်တွင် တပ်မှူးရီဇာခန်က အာဏာသိမ်းပြီး ၁၉၂၃ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၂၆ ခုနှစ်တွင် ရီဇာခန်က ရီဇာရှားပါလာဗီကို နန်းတင်သည်။ ရှား၏သားကြီးဩရသ မိုဟာ မက်ရီဇာအား အိမ်ရှေ့မင်းသားရာထူးအပ်နှင်းသည်။

၁၉၃၅ခုနှစ်တွင် ပါရှားနိုင်ငံဟူသည့်အမည်ကို စွန့်ကာ အီရန်နိုင်ငံဟု တရားဝင် ပြောင်းလိုက်သည်။ ၁၉၅၀ပြည့်နှစ်တွင် အလီရက်မာရာဝန်ကြီးချုပ်ဖြစ်လာပြီး ကိုးလ အကြာတွင် လုပ်ကြံခံရသည်။ မိုဟာမက်မော့ဆာဒက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ရှားနှင့်မော့ဆာဒက်တို့ အာဏာလုပွဲဖြစ်သဖြင့် ၁၉၅၃ခုနှစ် ဩဂုတ်လတွင် ရှား တိုင်းပြည်မှ ထွက်ပြေးရသည်။ ၁၉၅၃ခုနှစ် ထိုလအတွင်းတွင် ဗြိတိန်နှင့်အမေရိကန်ထောက်လှမ်းရေးတို့၏ အစီအမံဖြင့် မော့ဆာဒက်အား အာဏာ သိမ်း ဖယ်ရှားသည်။ ဗိုလ်ချုပ်ကြီးဇာဟီဒီ ဝန်ကြီးချုပ် ဖြစ်လာသည်။ ရှားပြည်ပမှ ပြန်လာသည်။ နိုင်ငံခေတ်မီရေး ဆောင်ရွက်သည်။ ရှား၏မူဝါဒများကြောင့် ဘာသာရေး ခေါင်းဆောင်များဖဲကြဉ်ကုန်သည်။ ၁၉၇၉ ခုနှစ်တွင် နိုင်ငံရေးအခြေအနေ ပိုမိုဆိုးရွား လာပြီး ရှားဘုရင်မိသားစု ပြည်ပသို့ထွက်ခွာကြရသည်။

ခိုမေနီ

အီရတ်နှင့်ပြင်သစ်တွင် ၁၄ နှစ်ကြာ နေထိုင်ခဲ့ပြီးနောက် အယာတိုလာရူဟိုလာ ခိုမေနီ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဤနိုင်ငံသို့ ပြန်လာသည်။ ထိုနှစ်ဧပြီ ၁ ရက်တွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီး အီရန်အစ္စလမ္မစ်သမ္မတနိုင်ငံဟူ၍ ထူထောင် လိုက်သည်။ ထိုနှစ် နိုဝင်ဘာလတွင် အမေရိကန်သံရုံးအတွင်းရှိ အမေရိကန် ၅၂ ဦးကို အစ္စလမ္မစ် စစ်သွေးကြွများက ဓားစာခံအဖြစ် ထိန်းလိုက်သည်။ ၁၉၈၁ ခုနှစ် ဇန်နဝါရီလတွင် ဓားစာခံများကို လွှတ်ပေးသဖြင့် ၄၄၄ ရက်ကြာ ဖမ်းဆီးထားမှု အဆုံးသတ်သွားသည်။

စစ်ပွဲ

၁၉၈၀ ပြည့်နှစ် စက်တင်ဘာ ၂၂ရက်တွင် အီရန်-အီရတ်စစ်ပွဲစတင်ပြီး ရှစ်နှစ် ကြာသည်။ ၁၉၈၈ ခုနှစ် ဇူလိုင်တွင် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့သည်။ ၁၉၈၉ ခုနှစ် ဇွန် ၃ ရက်တွင် အယာတိုလာခိုမေနီကွယ်လွန်သည်။ ၁၉၉၇ ခုနှစ် မေလတွင် မိုဟာမက်ခါတာမီ သမ္မတရွေးကောက်ပွဲ အနိုင်ရသည်။ ၂၀၀၁ ခုနှစ် ဇွန်လတွင် ထပ်မံရွေးချယ်ခံရပြန်သည်။

တည်ဆောက်

၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် အမေရိကန် ကန့်ကွက်သည့်ကြားမှပင် အီရန်၏ ပထမဆုံး နျူကလီးယားဓာတ်ပေါင်းဖိုကို ရုရှားက စတင်တည်ဆောက်သည်။ ၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် နောက်ဆုံးထား၍ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက သတိပေးသည်။

၂၀၀၅ခုနှစ် ဇွန်လ သမ္မတရွေးကောက်ပွဲတွင် မာမွတ်အာမတ်ဒီနီဂျက် အနိုင်ရသည်။ အီရန်နိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းသုံးအတွက် နျူကလီးယားလောင်စာ ထုတ်လုပ်နိုင် ကြောင်း သမ္မတ အာမတ်ဒီနီဂျက်က ပြောကြားသည်။

အီရန်နိုင်ငံသည် ယခုအတိုင်းဆိုလျှင် သုံးနှစ်မှ ရှစ်နှစ်အတွင်း နျူကလီးယား လက်နက်ထုတ်လုပ်နိုင်မည်ဟု အိုင်အေအီးအေက ၂၀၀၇ခုနှစ် မေလတွင် ကြေညာသည်။

၂၀၀၈ခုနှစ် မေလတွင် နျူကလီးယားစေ့စပ်ရေးမှူးဟောင်း အလီလာရီဂျာနီအား အီရန်လွှတ်တော်ဥက္ကဋ္ဌအဖြစ် အီရန်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ဘဝအမောပြေ

ဩော် ပန်းကန်ပြားပုံ ....

မျက်နှာတွင် ဒဏ်ရာများဖြင့် ဖူးရောင်နေသော မိတ်ဆွေဖြစ်သူ စမစ်ဒွန်းအား မစ္စတာဂျွန်ဒီတွေ့သဖြင့် စိုးရိမ်စွာဖြင့် မေးမြန်းလေသည်။

ဂျွန်ဒီ ။ ။ ဘယ်လိုဖြစ်တာလဲ၊မျက်နှာမှာလည်း ဒဏ်ရာတွေနဲ့...

စမစ်ဒွန်း ။ ။ မပြောချင်တော့ပါဘူးကွာ။

ဂျွန်ဒီ ။ ။ ပြောစမ်းပါ၊မျက်နှာတစ်ခုလုံးဖူးရောင်နေတာပဲ။

စမစ်ဒွန်း ။ ။ ပန်းကန်ပြားပုံနဲ့ ငါ့မျက်နှာတည့်တည့်တိုးလို့ပါ။

ဂျွန်ဒီ ။ ။ ဟုတ်လား...မင်းကိုယ်တိုင် ပန်းကန်ပြားပုံနဲ့ဆုံတွေ့လိုက်ရတယ်... ထူးဆန်းလိုက်တာကွာ...

စမစ်ဒွန်း ။ ။ ဘာထူးဆန်းလို့လဲ။

ဂျွန်ဒီ ။ ။ ပန်းကန်ပြားပုံဆိုတာ လူတိုင်း တွေ့ဖူးတာ မဟုတ်ဘူး...

စမစ်ဒွန်း ။ ။ ငါပြောတာ အဲ့ဒါမဟုတ်ဘူး၊ ငါ့မိန်းမပစ်လိုက်တဲ့ ပန်းကန်ပြားပုံက ငါ့မျက်နှာကို တည့်တည့်ကြီး လာမှန်တာကို ပြောတာကွ...

ဂျွန်ဒီ ။ ။ **'ဟေ'**

ဘဝဒဿန

■ *Art of conversation consist as much in listening politely, as in talking agreeably.*

❒ *စကားပြောဆိုခြင်း အတတ်ပညာသည် ယဉ်ကျေးသိမ်မွေ့စွာ နားထောင်ရခြင်းပါသကဲ့သို့ လိုက်လျောညီထွေစွာ ပြောဆိုတတ်ခြင်း သည်လည်း ပါဝင်သည်။*

ဂျော့ချ်အက်ဝဲလ်
(အင်္ဂလိပ်လူမျိုး မြေတိုင်းသမားနှင့် စာရေးဆရာ)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မုန်ကြိန်လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေး မိုးကောင်း၌ အသိပညာပေးဟောပြော

မိုးကောင်း မတ် ၅

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂နာရီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြက်၊ ဘဲ၊ ငုံးအသားနှင့်ဥရောင်းချသူများ၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်စာဖြန့်ဖြူးရောင်းချသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မိုးညှင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်မြင့်က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (၀၀၁)

မြိတ်မြို့၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပ

မြိတ် မတ် ၂

ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ ၂နာရီက မြိတ်မြို့နယ် သဘွတ်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ရှိန်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးကိုလည်းကောင်း**(အပေါ်ပုံ)**၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ယနေ့လူငယ်များနှင့် အနာဂတ်တာဝန်အကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများ မေး၊ ဖြေပြုလုပ်ပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြကာ တက်ရောက်လာကြသူများက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟုမ္မလင်းမြို့၌ လင်းထိန်စာကြည့်တိုက်ဖွင့်

ဟုမ္မလင်း မတ် ၉

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ခေါင်စမ်းအုပ်စု နားနံ့ကျေးရွာ လင်းထိန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအကြောင်း ဆွေးနွေးတင်ပြသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက ငွေကျပ်သုံးသောင်း၊ ဌာနဆိုင်ရာ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့က သုတ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်စာစောင် စုစုပေါင်း ၁၅၇အုပ်ကိုပေးအပ်ရာ စာကြည့်တိုက်ကော်မတီနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်စည်ပင် မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

သန်လျင် မတ် ၆

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ဈေးများသို့ မီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် ညွှန်ကြားချက်များနှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရာတွင် ထားရှိရမည့် ပစ္စည်းများဖြစ်သည့် အရန်မီးသတ်ရေကန်များတွင် ရေပြည့်စုံစွာရှိမရှိ၊ အမြင့်တင်ရေစင်မှ မီးသတ်ရေငုတ်များ၊ မီးသတ်ဆေးဘူးများနှင့် သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများကို ညွှန်ကြားချက်နှင့်အညီ စနစ်တကျဆောင်ရွက်ခြင်းရှိမရှိကို ကွင်းဆင်းစစ်ဆေးပြီး မတ်၃ရက်က မြို့မဈေးကြီး၌ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်း ဦးဆောင်သည့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖဥက္ကဋ္ဌ ဦးဌေးအောင် ဦးဆောင်သည့် ဈေးသူဈေးသားတို့ စုပေါင်းဓာတ်တိုက်လေ့ကျင့် သရုပ်ပြသကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ညောင်လေးပင်မြို့၌ မီးငြိမ်းသတ်ရေးလေ့ကျင့်

ညောင်လေးပင် မတ် ၅

ညောင်လေးပင်မြို့ မြို့မဈေးကြီးတွင် မီးဘေးတားဆီးရေးကော်မတီနှင့် မြို့မိမြို့ဖများမှ ပြုပြင်ထားသော မီးသတ်ရေကန် နှစ်ကန်မှ မီးသတ်ယာဉ်သုံးစီးဖြင့် ရေဆင့်ကဲသယ်ယူရေးစနစ်၊ မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၈ရက်က ဈေးကြီးမျက်နှာစာတန်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်း တက်ရောက်အားပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူး ဦးယဉ်ကျော့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။ (၀၅၃)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သစ်ပုတ်ကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား ပြုပြင်တည်ဆောက်မှုကို ဖေဖော်ဝါရီ ၂၇ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပေါက်ခေါင်းနှင့်ပေါင်းတည်မြို့နယ်တို့တွင် ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်းခင်း

ပေါက်ခေါင်း မတ် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့သည် ပေါက်ခေါင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ် (၁)ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။ (အပေါ်ပုံ)

လွယ်ကူစေမည်

အဆိုပါလမ်းအပိုင်းသည် ပေါက်ခေါင်းမြို့နယ် ဝါးရုံပင်လယ်ကျေးရွာအနီးမှစတင်၍ ပေါင်းတည်မြို့နယ် ပေါက်တောကျေးရွာအထိ (၂၇/၀)မိုင်၊ ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာပေါင်း ၁၄ရွာ၊ အိမ်ခြေ ၃၆၀၆အိမ်၊ လူဦးရေ ၁၇၉၄၀တို့ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့သွားလာမှု လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

(တိုင်းစည်ပင်)

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့ရေပေးရေးလုပ်ငန်းမှ ဆောင်ရွက်သော မြို့တွင်း မီးသတ်ရေငုတ်များ ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေး ကြပ်မတ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကမ်းနားလမ်းကတ္တရာခင်းခြင်းလုပ်ငန်းခွင်ကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ်စည်ပင် ရေစက်ကြွခိုင်မှု ပြုပြင်ဆောင်ရွက်

သာစည် မတ် ၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေပေးဖြန့်ဝေမှုလုပ်ငန်းများ အရှိန်အဟုန်မပျက် နေ့စဉ်ပေးဝေ ဖြန့်ဖြူးနိုင်ရေးအတွက် ရေစက်များကြွခိုင်မှုရှိရေး စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေး ပြုပြင်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးအောင်နှင့်အဖွဲ့က ဖလက်မဒိုင်ယာမီတာ တိုးချဲ့စက်ရေတွင်းအမှတ်(၃)မှ မိုနိုပန့်ကြွခိုင်ရေးပြုပြင်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြည့်ရှု ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၉၄)

တောင်တွင်းကြီး၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့် သုတ၊ရသမဂ္ဂဇင်းစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်တွင်းကြီး မတ် ၁

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက် စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာအုပ်စု အနာဂတ်ပန်းခင်းစာကြည့်တိုက်နှင့် အိုးပေါက်ရွာမကျေးရွာ အနာဂတ်ရောင်ခြည် စာကြည့်တိုက်အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်၊ အုပ်စုဥက္ကဋ္ဌ ဦးမြတ်ကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ ကုလားမအုပ်စု ကုလားမကျေးရွာ နေခြည်ဖြိုးပွင့်စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးအောင်ဝင်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်များအတွက် အလှူရှင် ၂၅ဦးက ငွေကျပ် ၃၅၀၀၀၀ ခန့်တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ်မျိုးစုံ စာအုပ် ၁၃၅၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မိုးကောင်း-ရွှေအင်း ကျေးလက်ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၆ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သရက်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း စစ်ဆေး

သရက် မတ် ၆

သရက်ခရိုင် သရက်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်ကြီး(၈)ရပ်ကွက်၊ ဘိလပ်မြေစက်ဝန်းထုံးတောင်အုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့များ ပူးပေါင်း၍ ရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ ရေအိုး၊ သဲအိတ်၊ လှေကားများထားရှိမှုအခြေအနေ၊ လေးပေပတ်လည်၊ တစ်ပေအနက် မီးဖိုမြေကျင်းတူး အသုံးပြုမှုအခြေအနေများကို ဖေဖော်ဝါရီ ၁ရက်က အဖွဲ့များဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် အသံချဲ့စက်ဖြင့် နေ့စဉ် သတိပေးနှိုးဆော်ခြင်း၊ ရပ်ကွက်အလိုက်၊ ညစဉ် သတိပေးနှိုးဆော်ခြင်း၊ မီးသတ်ရေကန်များ ရေဖြည့်ခြင်း၊ မီးသတ်ရေတွင်း ရေပိုက်ခေါင်းများအား စစ်ဆေးပြုပြင်ခြင်း၊ လမ်းဆုံ လမ်းခွများတွင် မီးသတိပေး မြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ ရပ်ကွက်များအတွင်း စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေး ဟောပြောခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းများကို မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းဆွေ၊ စခန်းမှူးဦးဝင်းတင်၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးစန်းလွင်၊ တပ်ခွဲမှူးဦးခင်မောင်ဖုဏ်းနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စီမံချက်နှင့်အညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။ **(ယာပုံ)** **(၀၇၄)**

ဖြူးမြို့နယ်၌ ပွင့်သစ်စ စာကြည့်တိုက်ဖွင့်

ဖြူး မတ် ၁၀

ဖြူးမြို့နယ် မင်းဂံရိုးကျေးရွာအုပ်စု ခရမ်းကျေးရွာ ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

တည်တံ့ရေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ဆွေဆွေမိုးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်း ပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမောင်က လက်ခံယူသည်။

ဖွင့်လှစ်ပေး

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။
(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

လက်ဖက်နှင့် တောင်ယာစပါးစိုက်ပျိုးရေး နောင်မွန်၌ ပညာပေးဟောပြော

နောင်မွန် ဖေဖော်ဝါရီ ၂၈

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ရပ်ဘော့အုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများ စုပေါင်း၍ လက်ဖက်ပင်၊ နဂါးနှစ်ကောင် တောင်ယာစပါးစိုက်ပျိုးရေးနှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများ ပညာပေး ဟောပြောပွဲကို ရပ်ဘော့ အလကခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဖုန်းဇီးဒီးနှင့် မြေစာရင်းဦးစီးမှူး ဦးသန်ဂေါင်တို့က ဟောပြောရာ ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း လမ်းများပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို ဖေဖော်ဝါရီ ၆ ရက်က အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

အရာတော်မြို့၌ စာပေအကြောင်း သိကောင်းစရာ ဟောပြော

အရာတော် မတ် ၂

အရာတော်မြို့နယ် မလဲသာကျေးရွာ ပျိုးခင်းသာစာကြည့်တိုက်၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၀ရက် ည ၇နာရီက အဆိုပါ စာကြည့်တိုက်ဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ မလဲသာကျေးရွာအထက ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)နှင့် လယ်တွင်းသားစောချစ်၊ ချစ်ဦးညိုတို့က စာပေအကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား၌ (၂၈)ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား မတ် ၅

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ စေတနာသွေးသန့် သွေးလှူရှင်အသင်းကြီးက ကြီးမှူး၍ (၂၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်တင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခနှင့် ဆရာ ဆရာမများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် မြစ်ကြီးနားတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ် ကြက်ခြေနီအသင်းများမှ စေတနာသွေးလှူရှင် ၆၉ ဦးတို့ သွေးလှူဒါန်းကြကြောင်း သိရသည်။ **(ယာပုံ)** **(၀၀၃)**

မှုခင်းသတင်း: လင်မယားချင်း စကားများရာ ဇနီးဖြစ်သူက ခင်ပွန်းကို ဓားဖြင့်ခုတ်ပြီး မိမိကိုယ်မိမိ အဆုံးစီရင်သွား

ကျောင်းကုန်း မတ် ၁၀

သူငယ်ချင်းများနှင့်အတူ အရက်သောက်လာပြီး မူးလာသူ ခင်ပွန်းဖြစ်သူနှင့် စကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူက ဒေါသကိုမထိန်းနိုင်ဘဲ ဓားဖြင့်ခုတ်လိုက်ရာ ခင်ပွန်းဖြစ်သူ သေဆုံးပြီအထင်နှင့် ဇနီးဖြစ်သူက မိမိကိုယ်မိမိ ကြိုးဆွဲချသေဆုံးမှုကို ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ရဲစခန်းပိုင် ရေတာကြီးကျေးရွာအုပ်စု ယင်းတိုက်ငူကျေးရွာတွင် ဖြစ်ပွားခဲ့သည်။

အမှုမှာ ဇန်နဝါရီ ၁၉ရက်နံနက်၁၁နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ရဲစခန်းပိုင် ရေတာကြီးအုပ်စု ယင်းတိုက်ငူကျေးရွာနေ ကိုလှိုင်မြင့်ထွန်း(ခ)ကိုကုလား အသက် (၂၄နှစ်) (ဘ)ဦးဖိုးထိန်သည် သူငယ်ချင်းများဖြင့် အရက်သောက်ပြီး မူးလာရာမှ ဇနီးဖြစ်သူ ဒေါ်သမီးဖော အသက်(၄၃နှစ်) (ဘ)ဦးဖားပလိုနှင့် ၎င်းတို့နေထိုင်သည့် လယ်တောရှိ တဲအိမ်တွင် စကားများ ရန်ဖြစ်ကြရာ ဇနီးဖြစ်သူ ဒေါ်သမီးဖောက ဒေါသမထိန်းနိုင်ဘဲ ကိုင်းခုတ်ဓားဖြင့် ခင်ပွန်းဖြစ်သူ ကိုလှိုင်မြင့်ထွန်းကို ခုတ်ရာ ဦးခေါင်းနောက်စေ့၌ ငါးလက်မရှိ ပြတ်ရှဒဏ်ရာတစ်ချက်၊ လက်ဝဲလက်ဖျံ သုံးလက်မခန့် ပြတ်ရှဒဏ်ရာနှစ်ချက်ထိပြီး လဲကျရာမှ လယ်ကွင်းထဲသို့ ထွက်ပြေးသွားသည်။

ဇနီးဖြစ်သူမှာ မိမိခင်ပွန်းသေပြီဟုထင်မှတ်ပြီး စိတ်ထိခိုက်ကာ မိမိနေထိုင်သည့် တဲအိမ်တွင် မိမိကိုယ်ကို ကြိုးဆွဲချသေဆုံးသွားသည်။ အဆိုပါအမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ်အောင်မင်းဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးရာ ဒေါ်သမီးဖောမှာ ကြိုးတန်းလန်းဖြင့် သေဆုံးနေပြီး ကိုလှိုင်မြင့်ထွန်းကို လယ်ကွင်းအတွင်းတွေ့ရှိရပြီး ၎င်းအား အရေးပေါ်လူနာအဖြစ် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကုသပြီး ဒေါ်သမီးဖော (သေဆုံးသူ)အား သေမှုသေခင်း အမှတ်စဉ် (၁/၂၀၀၉)ဖြင့် အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ (၁၅၄)

သဘာဝစိမ့်စမ်းရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသည့် မောင်တောမြို့နယ် ငွေတောင်ရွာမှ ရတနာအောင် မျိုးစပါး ၂၇ ဧကကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လျှိုပိတ်၊ ချောင်းပိတ် သဘာဝစိမ့်စမ်းရေတို့ဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသော ရခိုင်ပြည်နယ် မောင်တောမြို့နယ်က နွေစပါးနှင့် နေကြာစိုက်ခင်းများ

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - သတင်းထောက် စဥ္စကူစိုးဝင်း
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

စစ်တွေ မတ် ၁၂

ရခိုင်ပြည်နယ် မောင်တောမြို့သို့ နဝမအကြိမ် ရောက်ခဲ့ရပြန်သည်။ ဘူးသီးတောင်ဆိပ်ကမ်းသို့ ညနေ ၅နာရီခန့် ရောက်ရှိသည်။ မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ ဘူးသီးတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုးတို့စီစဉ်ပေးသည့် မော်တော်ကားဖြင့် မောင်တောမြို့သို့ ခရီးဆက်ခဲ့ကြသည်။

မြန်မာ့အလင်း
ဆောင်းပါး အညွှန်း
ရှင်းသန့်၏ ပွင့်လင်းသောအမေး၊ ရိုးသားသောအဖြေ (သို့မဟုတ်) ငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန် ဆောင်းပါး ၈၁ - ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

နွေစပါး

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် အဆင်သင့်စောင့်နေသည့် မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက *စာမျက်နှာ ၈ ကော်လံ ၁* ●

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ဗီတာမင်စီ ပါဝင်သော အစားအစာများ ပုံမှန်စားသုံးပေးခြင်းဖြင့် အဆစ်အမျက်ရောင်ရောဂါ အမျိုးသားများ၌ မဖြစ်ပွားနိုင်ဟုဆို

ဗီတာမင်စီပါဝင်သောအစားအစာများ နေ့စဉ်စားသုံးမှု လျော့နည်းပါက အမျိုးသားများတွင် အဆစ်အမျက်ရောင်ရောဂါ ခံစားရနိုင်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

မခံစားရ

သံပရာသီး၊ လိမ္မော်သီးနှင့် အခြားသော ဗီတာမင်စီပါဝင်သည့် အစားအစာများကို သတ်မှတ်ထားသောပမာဏ ပြည့်မီစွာစားသုံးပါက အမျိုးသားများတွင် အဆစ်အမျက်ရောင်ရောဂါ မခံစားရနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အမျိုးသားများအနေဖြင့် တစ်နေ့လျှင် ဗီတာမင်စီ ဂရမ် ၁၀၀၀ မှ ဂရမ် ၁၅၀၀ အတွင်း စားသုံးပေးပါက အဆစ်အမျက်ရောင်ရောဂါဖြစ်ပွားမှု ၃၄ ရာခိုင်နှုန်းခန့် လျော့နည်းစေကြောင်း သိရသည်။

အကျိုးသက်ရောက်

ဗီတာမင်စီသည် ခန္ဓာကိုယ်အတွင်း အဆစ်အမျက်ရောင်ရောဂါ ဖြစ်ပွားစေသည့် ယူရစ်အက်စစ်အနေအထားများပြားမှုကို လျော့ကျစေကြောင်း၊ ယူရစ်အက်စစ် သာမန်ထက်များမှုသည် ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်ကို ပြောင်းလဲကာ ဆိုးရွားသည့် အကျိုးသက်ရောက်မှုဖြစ်ပေါ်စေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်မှ ပေကြီးရေလှောင်တမံ

သတင်းမှတ်စု - နုနုရီ နှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၂

နိုင်ငံတော်က ချမှတ်ထားသော စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်ကို အောင်မြင်စေရေးအတွက် အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်တိုးတက်မြင့်မားရေးကို ဦးစားပေးဖော်ဆောင်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများကို နိုင်ငံအနှံ့ ဖြည့်ဆည်းပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻